MYANMAR
# ICT JOURNAL

WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY.

အိုင်စီတီ ဂျာနယ် | VOLUME 1, No. 12 THE WEEK OF APR 30 - MAY 6, 2012

WWW.MYANMARICT.COM





ADVERTISEMENT

se Soil Energy Co., Ltd.

SCOPE OF OUR WORKS

Construction

Machinery

Mining

Trading

OFFICE

ADVERTISEMENT

AOC

Art Of Colors



## The Ladie's Expo

Page - 3

## Beijing Car Show

Page - 19

## နှစ်သိန်းတန်ကားဒ်များ အကြောင်း

Page - 5/28

## MacBook ကံစမ်းမဲ

Page - 4

## Google Drive

Page - 30

## ကမ္ဘာကျော်၏ စိတ္တဇ

Page - 27

## TOYOTA Vitz

Page - 18

## TAXI အသစ်များ

Page - 19

## FileMaker

Page - 16

## Rihanna သရုပ်ဆောင်တဲ့ BATTLESHIP

Page - 23



KSTM

KAUNG SAY TAMAN

CAR SALES AND SERVICE CENTRE



CIF US$5500++

Tel: +95 1 398 303, 250 909, +95 9 510 7724, +95 9 505 8756












## အထူးခြားဆုံးနှင့် ပထမဆုံး ပြုလုပ်မည့် ကုန်စည်ပြပွဲ

By APA



မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အထူးခြားဆုံးအဖြစ် ၂၀၁၂ခုနှစ်၊ မေလ (၁၈)ရက်နေ့မှ (၂၁) ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမကြီးတွင် The Ladie's Expo ကုန်စည်ပြပွဲကြီးအား ကျင်းပ ပြုလုပ်သွားမည်ဟု သိရှိရသည်။ အဆိုပါပွဲတွင် အခြားကုန်စည်ပြပွဲတွေနှင့် မတူပဲ အမျိုးသမီးများ အတွက် အမျိုးသမီးသုံးပစ္စည်းများကို သီးသန့် ရောင်းချမည့် ပွဲဖြစ်ပြီး Smart Business Group မှကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ထိုပြပွဲကြီးတွင် ပြခန်းပေါင်း (၁၇၀) ကျော်မှ အသားရေ ထိန်းသိမ်းမှုဆိုင်ရာ အလှကုန်များ၊ စိန်ရွှေ ရတနာဆိုင်များ၊ ပုလဲနှင့် ပလက်တီနမ် ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ် ပစ္စည်းများ၊ ဖန်စီပစ္စည်းများ၊ ဖက်ရှင်အသုံးဆောင် ပစ္စည်းများ၊ အိမ်တွင်း အလှဆင် ပစ္စည်းများနှင့် အိမ်ယာ အရောင်းပြခန်းများ၊ ခရီးသွား လုပ်ငန်းများ၊ စားသောက်ကုန်များ၊ အလုပ်အကိုင် ရှာဖွေရေး လုပ်ငန်းများ၊ မော်ဒယ်သင်တန်းများ၊ ဖက်ရှင်ဒီဇိုင်နာများ၊ ပြည်တွင်းပြည်ပမှ ဆေးဝါးများ၊ အလှပန်း အမျိုးမျိုး၊ အလှပြင်ဆိုင်များနှင့် သင်တန်းများ၊ စာရေးကိရိယာများနှင့် စာအုပ်ဆိုင်များ၊ လက်မှုအနုပညာပစ္စည်းများ၊ ကလေးအဝတ်အထည်နှင့် အသုံးဆောင်များ၊ စားသောက်ဆိုင်များ၊ နာရီ အရောင်းဆိုင်များ၊ ပရိဘောဂဆိုင်များ၊ ပလပ်စတစ် နှင့် ဖိုင်ဘာ ပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများနှင့် အခြား လူသုံးကုန်ပစ္စည်းမျိုးစုံအား ပြသရောင်းချသွားမည်ဟု သိရှိရပါတယ်။

ယင်းပြပွဲကြီးတွင် နာမည်ကျော် မင်းသား၊ မင်းသမီးများနှင့် မော်ဒယ်များ၊ Dancer များ အကအလှဖျော်ဖြေမှုများအပြင် ဆံကေသာ၊ မျက်နှာ နှင့် ကိုယ်ခန္ဓာ အလှပြုပြင်သော သရုပ်ပြပွဲများ၊ နောက်ဆုံးပေါ် အမျိုးသမီး အသုံးအဆောင်ပစ္စည်း သရုပ်ပြပွဲများကို နေ့စဉ် အခမဲ့ ဖျော်ဖြေပေးသွား မည်ဟု သိရှိရသည်။

## မန္တလေးတွင် ပြုလုပ်မည့် Lifestyles, IT & Automobile Exhibiation 2012

By APA



Mandalay Lifestyles, IT & Automobile Exhibiation 2012 ကို Logic Myanmar CO., Ltd. မှ ကျင်းပပြုလုပ်မှာ ဖြစ်ပြီး ပြပွဲကို မန္တလေးမြို့ရှိ မြို့တော်ခန်းမတွင် ၂၀၁၂ မေလ (၁၇) ရက်နေ့မှ (၂၀) ရက်နေ့ထိ ကျင်းပပြုလုပ်သွားမည်ဟု သိရှိရသည်။

အဆိုပါပွဲတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ် နှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ နေအိမ်နှင့် အဆင့်မြင့်ဆောက်လုပ်ရေး သုံးကုန်များ၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး လုပ်ငန်းသုံး ကုန်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အစားအစာနှင့်တကွ အခြားလိုအပ်သည့် လူသုံးကုန်ပစ္စည်းများကို ရောင်းချပေးမည်ဟု သိရှိရသည်။

လုပ်ငန်းရှင်များအနေနှင့် ပြခန်းငှားလိုပါက Logic Myanmar Co., Ltd ဖုန်း 09-730-43611 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## Facebook တွင် Like (သို့မဟုတ်) Comment ရေးရုံဖြင့် ငွေကျပ် တစ်သိန်း ရရှိနိုင်

By APA




မြန်မာနိုင်ငံ၏ ပထမဆုံး Facebook တွင် Like (သို့မဟုတ်) Comment ရေးရုံဖြင့် ဆုငွေကျပ်တစ်သိန်း ရရှိနိုင်သည့် အစီအစဉ်တစ်ခုအား Super Coffeemix မှ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ www.facebook.com/supermyanmar အား Add Friend (သို့မဟုတ်) Like (သို့မဟုတ်) Comment ရေးပေးသူ မည်သူမဆို Super Coffeemix မှ တစ်ရက်လျှင် ကံထူးရှင် တစ်ယောက်နှုန်း ရွေးချယ်၍ ဆုငွေကျပ် တစ်သိန်းချီးမြှင့် ပေးသွားမည် ဖြစ်သည်။ ဆုငွေ ရရှိသူများအား Facebook ရှိ စူပါကော်ဖီမစ် စာမျက်နှာတွင် ဖော်ပြ ပေးသွားမှာ ဖြစ်သည်။ (၂၃.၄.၂၀၁၂) နေ့ ကျပ်တစ်သိန်း ကံထူးရှင် Choco Lat Kato (Su Sandy), (၂၄.၄.၂၀၁၂) နေ့ ကျပ်တစ်သိန်း ကံထူးရှင် တိုးမြတ်သူ - အိမ်မက်ကောင်းကင် - (ဒီဇျေမြတ်တိုး), (၂၅.၄.၂၀၁၂) နေ့ ကျပ်တစ်သိန်း ကံထူးရှင် Wai Yan နှင့် (၂၃.၄.၂၀၁၂) နေ့ ကျပ်တစ်သိန်း ကံထူးရှင် Moe Oo Khin Khin တို့ ဆုများ ရရှိကြောင်း သိရှိရသည်။ အဆိုပါ အစီအစဉ်အား (၂၃.၄.၂၀၁၂) ရက်မှ စတင်ပြီး (၃၁.၅.၂၀၁၂) နေ့အထိပြုလုပ် သွားမည်ဖြစ်ပြီး စူပါကော်ဖီမစ်မှ ကုမ္ပဏီ ဝန်ထမ်းများ ပါဝင်ခွင့် မရှိကြောင်း သိရှိရပါသည်။

## ELECTONIC PRODUCTS REVIEW

### Chest Freezer BD-208G

By NLA



အထက်မှ တံခါးဖွင့်ရသော ပုံစံဖြင့် ပြုလုပ်ထားသော Glacier အမှတ်တံဆိပ် Freezer ဖြစ်ပြီး လှပသေသပ်သော ဒီဇိုင်းကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အလွယ်တကူ ပြောင်းရွှေ့နိုင်ရန်အတွက် Chest Freezer ၏ အောက်ခြေတွင် ဘီးလေးဘီးလည်း ပါဝင်ပြီး စွမ်းအင်ချွေတာနိုင်ရန်အတွက် ပြုလုပ်ထားတဲ့ Freezer ဖြစ်တယ်။ Temperature ကို အလွယ်တစ်ကူထိန်းညှိနိုင်တဲ့ စနစ်လည်း ပါဝင်ပါတယ်။ သစ်သီးများ နှင့် အအေးများကို အဓိက အေးခဲကြပြီး Super Market များ၊ အိမ်ဆိုင်များ၊ အအေးအရောင်းဆိုင်များတွင် အသုံးပြုရန် သင့်တော်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် 180,000 ဖြစ်ပြီး Glacier Showroom အမှတ် (171) ဗိုလ်အောင်ကျော်လမ်း၊ ဖုန်း- ၀၁-၃၉၈-၄၉၆၊ ၀၁-၃၉၈-၄၉၇ သို့ ဆက်သွယ် ဝယ်ယူနိုင်ပါသည်။

### LG 42" 3D LED

By NLA



LG 42 LW4500 3D LED TV ဟာ 3D နှင့် 2D နှစ်မျိုးစလုံး အသုံးပြုနိုင်မှာ ဖြစ်ပြီး 42" ကျယ်သော LED Screen အရွယ်အစား ပါဝင်ကာ Resolution ကိုတော့ 1920x1080 အထိရရှိနိုင်မှာ ဖြစ်ပါတယ်။ 3D ဖြင့် ကြည့်ရှုမည်ဆိုရင်တော့ 3D မျက်မှန်ဖြင့် ကြည့်ရှုရမည်ဖြစ်ကာ 3D Contrast Ratio ကတော့ 5000000:1 ဖြစ်ပါတယ်။ Wi-Fi ပါဝင်ပြီး DLNA Certified LG 42 LW4500 3D TV ဟာ 3Dနှင့် 2D ရုပ်ရှင်များကို ကြည့်နိုင်ရုံသာမက မိမိတွင် အင်တာနက်လိုင်းရှိပါက အင်တာနက်လည်း အသုံးပြုနိုင်မှာ ဖြစ်သည်။ အထက်ပါ LG 42 LW4500 3D LED TV အား ဝယ်ယူလိုပါက ဈေးနှုန်း ကျပ် 879,000 ရှိပြီး Sony Showroom အမှတ်(118/122) ဗိုလ်အောင်ကျော်လမ်း (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း- ၀၁-၂၅၆-၆၂၀၊ ၂၄၆-၅၁၃ သို့ ဆက်သွယ် ဝယ်ယူနိုင်ပါသည်။





### Hisense AS-09CR4FVC Air-con


By NLA

ဒီ Hisense အမှတ်တံဆိပ် Air-com လေးကတော့ ရိုးရှင်းတဲ့ ဒီဇိုင်းရှိပြီး Indoor/Outdoor Net Weight 9/34 kg, 1.0Hp ပါရှိပါတယ်။ သာမန်ထက် အသံထွက်မှု (၃)ဆ ပို၍ နည်းပါတယ်။ စက်စတင် ဖွင့်ချိန်တွင် ညင်သာပြီး မီးအားကို ထိခိုက်စေခြင်း မရှိပါဘူး။ မီးအားကျသော်လည်း စက်ပုံမှန် လည်ပတ် လုပ်ဆောင်နိုင်ပြီး စက်၏ လုပ်ဆောင်မှုများကို အလိုအလျောက် ဖော်ပြပေးသော စနစ် ပါရှိပါတယ်။ ဈေးနှုန်းကတော့ ၁သိန်း ၉သောင်း ၅ထောင် ဝန်းကျင်ခန့်ရှိပြီး Hisense (Sein Wut Hmon Co., Ltd.) ဖုန်း- 01-227930, 227931 သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သတင်းကောင်း ပါးလိုက်ပါတယ်။

### Sharp 09c Air-con

By NLA

Sharp အမှတ်တံဆိပ် 09c Air-con ကတော့ ရိုးရှင်းတဲ့ ဒီဇိုင်းရှိပြီး Indoor/Outdoor Net Weight 9/34 kg, 1.0Hp ပါရှိပါတယ်။ သာမန်ထက် ဆူညံမှု (၃)ဆ ပို၍ နည်းပါတယ်။ စက် စတင်ဖွင့်ချိန်တွင် ညင်သာပြီး မီးအားကို ထိခိုက်စေခြင်း မရှိပါဘူး။ မီးအားကျသော်လည်း စက်ပုံမှန် လည်ပတ် လုပ်ဆောင်နိုင်ပြီး စက်၏ လုပ်ဆောင်မှုများကို အလိုအလျောက် ဖော်ပြပေးသော စနစ် ပါရှိပါတယ်။ ဈေးနှုန်းကတော့ 215,000 ဝန်းကျင်ခန့်ရှိပြီး Aircon အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



### LG 3D BLU-RAY Player BD660

By NLA

LG အမှတ်တံဆိပ် BD660 3D Blu-ray player ဟာ USB Direct Recording လုပ်နိုင်ပြီး CD ထဲသို့သော်လည်းကောင်း ၊ HDD ထဲသို့ တိုက်ရိုက် သိမ်းဆည်းနိုင်မှာ ဖြစ်ပါတယ်။ External USB HDD အား 1TB (1000GB) ထိ Support လုပ်ကာ External drive တွင်းမှ Music, Photo နှင့် HD video ဖိုင်များကို တိုက်ရိုက်အသုံးပြုနိုင်ရုံသာမက copy ကူးနိုင်မှာ ဖြစ်ပါသည်။ မိမိတွင် အင်တာနက်လိုင်းရှိပါက Picasa ပေါ်သို့ ဓါတ်ပုံများကို တိုက်ရိုက် Upload လုပ်နိုင်မည်ဖြစ်ပြီး vTuner ပေါ်မှလည်း Music နှင့် TV Channel များကိုလည်း တိုက်ရိုက်အသုံးပြုနိုင်မှာဖြစ်ပါသည်။ ဈေးနှုန်းအနေနဲ့ကတော့ ကျပ် 169,000 ခန့်ရှိပြီး Sony Showroom အမှတ်(118/122) ဗိုလ်အောင်ကျော်လမ်း (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း- ၀၁-၂၅၆-၆၂၀၊ ၂၄၆-၅၁၃ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။



### Canon EOS 110D

By NLA

Canon EOS 110D အမျိုးအစားဟာ လှပသေသပ်သော ဒီဇိုင်း၊ စွဲမက်ဖွယ်ကောင်းသော Option များ ပါဝင်ပါတယ်။ Storage အနေနှင့်ကတော့ SD card, SDMC card (or) SDXC card များကို အသုံးပြုကာ Data များကို သိမ်းဆည်းနိုင်မှာ ဖြစ်ပါတယ်။ 2.7" Screen အရွယ်အစားရှိကာ Li-ion Battery LP-E10 အား အသုံးပြုထားသည်။ ဈေးနှုန်းကတော့ 450,000 ကျပ်ခန့်ရှိပြီး မြန်မာ့အလှ ဒီဂျစ်တယ်ကင်မရာနှင့် ဟန်းဆက် အရောင်းစင်တာ ဖုန်း - ၀၁-၃၈၁-၉၉၃ တွင် ဝယ်ယူရရှိနိုင်ပါသည်။



### Samsung RT-41TSGL Refrigerator

By NLA

Samsung အမှတ်တံဆိပ် ရေခဲသေတ္တာကတော့ ကြီးမားသော အရွယ်အစားဖြင့်လှပသေသပ်သော ရေခဲသေတ္တာ ဖြစ်ပါတယ်။ မီးအားသုံးစွဲမှု လျော့နည်းတဲ့အတွက် လျှပ်စစ်စွမ်းအင် ချွေတာနိုင်ပါတယ်။ အစားအစာနှင့် ဟင်းသီးဟင်းရွက်များကို လတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ထားနိုင်ပြီး အပူချိန်ကို လိုအပ်သလို ထိန်းညှိပေးသည့် စနစ် ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ 518,000 ဝန်းကျင် ခန့်ရှိပြီး Samsung Showroom ဖုန်း-၀၁-၂၅၂-၉၉၀, ၀၁-၂၅၂၉၉၁ သို့ ဆက်သွယ် ဝယ်ယူနိုင်ပါသည်။



### Sony W550 Camera

By NLA

ယခုအချိန်တွင် ဈေးကွက်ထဲသို့ အသစ်ဝင်ရောက်ရှိလာသည့် Sony W550 ဟာ ပါးလွှာပြီး Zoom ကောင်းကောင်းနှင့် အသုံးပြုနိုင်သည့် Camera ဖြစ်ပါတယ်။ ၎င်း၏ Mega pixels ဟာ 14.1 ရှိတာကြောင့် Resolution ကောင်းကောင်းဖြင့် ဓာတ်ပုံတွေကို ရိုက်နိုင်မှာ ဖြစ်ပါတယ်။ Sony W550 တွင် အဝေးက ပုံတွေကို ကောင်းကောင်း ရယူနိုင်တဲ့ Zoom ပါဝင်ပါတယ်။

Display ကတော့ 7.5cm ရှိတဲ့ LCD screen ပါရှိပြီး ၎င်း LCD ဟာ Contrast နှင့် Color တွေကို အကောင်းဆုံး ဖော်ပြပေးနိုင်ပါတယ်။ မိသားစုအပျော်တမ်းနှင့် မွေးနေ့ပွဲပါတီများတွင်လည်း လှပသေသပ်သော ဓါတ်ပုံများကို ရိုက်ကူးနိုင်မှာပါ။ အလိုအလျောက် adjusts လုပ်နိုင်မည့် စနစ်ပါဝင်ကာ shutter ကို ထိန်းပေးသွားမှာ ဖြစ်သည်။ ဝယ်ယူလိုပါက ဈေးနှုန်း ကျပ် 135,000 ဖြင့် မြန်မာ့အလှ ဒီဂျစ်တယ်ကင်မရာနှင့် ဟန်းဆက်အရောင်းစင်တာ ဖုန်း-၀၁-၃၈၁-၉၉၃ တွင် ဝယ်ယူရရှိနိုင်ပါသည်။



## အမှတ်တရ 3D ဓါတ်ပုံပန်းချီ ပြုလုပ်ချင်သူများအတွက် စိုင်းဘုန်းထူး Photo Studio














### ဆိုင်ဖြစ်ပေါ်လာပုံ

နဂိုကတည်းက ဓါတ်ပုံရိုက်တာ ဝါသနာပါတာမို့လို့ (၁၉၇၄ - ၁၉၂၈) ခုနှစ်အထိ ရန်ကုန် ဝ/သ တက္ကသိုလ်မှာ ဓါတ်ပုံတွေ ရိုက်ပေးဖြစ်ခဲ့တယ်။ အခြားဓာတ်ပုံဆိုင်ကြီးတွေရဲ့ ဓါတ်ပုံတွေကို ကူးပေးရာကနေ စိုင်းဘုန်းထူးဆိုတဲ့ ဓာတ်ပုံစတူဒီယိုကို ၁၉၉၂ ခုနှစ် အစောပိုင်းလောက်မှာ စတင်ပြီး အမှတ် (၁၀၀)၊ ၄၈လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ဆိုင်ကလဲကျယ်တယ်၊ Car Parking ကိုလည်း ကောင်းကောင်းထားနိုင်တော့ လာပြီးဓါတ်ပုံရိုက်တဲ့လူတွေအတွက် အဆင်ပြေတာပေါ့။

### ရိုက်ကူးဖြစ်တဲ့ ပွဲတွေ

အခုလက်ရှိ ရိုက်ကူး ဖြစ်နေတာတွေကတော့ မင်္ဂလာဆောင်ပွဲတွေ၊ ရှင်ပြုပွဲတွေ၊ မွေးနေ့အလှူပွဲတွေ၊ ဖွင့်ပွဲအခမ်းအနားမျိုးစုံတွေကို ဓါတ်ပုံကော Video ပါ ရိုက်ကူးပေးပါတယ်။ ဒ့ါအပြင် မင်္ဂလာပွဲအကြို ဓါတ်ပုံရိုက်ရာတွင် Indoor/ Outdoor ရိုက်ကူးပေးခြင်း၊ ဓာတ်ပုံ Album များ ပြုလုပ်ပေးခြင်းနှင့် အနောက်တိုင်း မင်္ဂလာဝတ်စုံ၊ မြန်မာ့ရိုးရာမင်္ဂလာဝတ်စုံ၊ လတ်ဝတ်ရတနာ၊ ဘွဲ့ဝတ်စုံတွေကိုလည်း ငှားရမ်းနိုင်ရန် စီစဉ်ပေးပါတယ်။

### အထူးဝန်ဆောင်မှု

အထူးဝန်ဆောင်မှုကတော့ မည်သည့်နေရာမှ မပြုလုပ်ပေးသေးတဲ့ 3D ပန်းချီဓါတ်ပုံဖန်တီးပေးခြင်း ဖြစ်ပါတယ်။ ဖန်တီးရာမှာ ပိုးသား Canvas ပေါ်မှာ စင်ကာပူက မှာထားတဲ့ Swarovski၊ ခရစ္စတယ်၊ စိန်ကျောက်ရောင်စုံများနှင့် စီခြယ်ပြုလုပ်ပေးတာ ဖြစ်ပါတယ်။ ဈေးနှုန်းကိုတော့ ပုံရဲ့Size ကို မူတည်၍ နှစ်သိန်းခွဲကနေ ဆယ်သိန်းခွဲအထိ သတ်မှတ်တားပါတယ်။

### အသုံးပြုသည့် Camera အမျိုးအစား

ဓါတ်ပုံရိုက်တဲ့အခါမှာ Canon Camera တွေကို အသုံးပြုဖြစ်ပြီး အထူးသဖြင့် Canon Full Frame Camera တွေကို အသုံးပြုဖြစ်တယ်။ Video ရိုက်ရင်တော့ Panasonic ပစ္စည်းတွေကို အသုံးများပြီး AG HMC 150 model ကိုတော့ အများဆုံး သုံးဖြစ်တယ်။ အသစ်ထွက်လာတဲ့ Canon 5D Mark III Camera ကို အခုလက်ရှိ တော်တော်ကြိုက်နေတယ် ဘာလို့လဲဆိုတော့ သူ့မှာပါတဲ့ Function တွေက အရမ်းကောင်းတယ် (ဥပမာ- လှုပ်ရှားနေတဲ့ အရာတွေကိုလိုက်လံရိုက်ကူးတဲ့အခါမှာ ရုပ်ပုံတွေကို အကောင်းဆုံး ဖြစ်အောင် ဖမ်းယူပေးနိုင်ပါတယ်)၊ တစ်ခြား Camera တွေလည်း အသုံးပြုဖြစ်ပါတယ်၊ လုပ်ငန်းနှင့် သင့်လျော်ရင်ပေ့ါ။ ဥပမာ -Canon 5D Mark II လိုမျိုး Camera တွေပေ့ါ။

### ကင်မရာဝယ်သည့်အခါ အဓိကထားသည့် အချက်

ကင်မရာဝယ်တဲ့အခါမှာတော့ Sensor Size ကို အဓိကကြည့်ပြီး ဝယ်ဖြစ်ပါတယ်။

### ကင်မရာဝယ်ယူလေ့ရှိသည့်ဆိုင်များ

ကင်မရာတွေ ဝယ်မယ်ဆိုရင်တော့ Canon Shown Room, T.Land နဲ့ Royal Digital မှာ အများဆုံး ဝယ်ယူလေ့ရှိပါတယ်။

### ဓာတ်ပုံ၊ Video ကောင်းတစ်ခု ရရှိဖို့ အရေးကြီးတဲ့ အရာ

ဓာတ်ပုံ၊ Video ကောင်းတစ်ခု ဖြစ်လာဖို့ဆိုရင် အဓိကက အသုံးပြုတဲ့ ပစ္စည်းတွေပြီးရင် အဲ့ဒီ ပစ္စည်းတွေကို အသုံးပြုတဲ့ Camera Man က ပိုပြီး အရေးကြီးတယ်၊ Camera Man မကောင်းရင် ပစ္စည်း ဘယ်လောက် ကောင်းကောင်း ဓာတ်ပုံ၊ Video ကောင်းကောင်း တစ်ခုရရှိမှာ မဟုတ်ပါဘူး။

### ရိုက်ကူးရေးသွားတဲ့အခါ ယူဆောင်သွားတဲ့ Accessories များ

ယူဆောင်သွားတဲ့ ပစ္စည်းတွေက များတယ်၊ Camera၊ lighting နဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ၊ Tripod ၊ Microphone ၊ Sun Gun ၊ ထီး၊ Soft Filter တွေဟာ မပါမဖြစ် အဓိက သယ်ဆောင်ရတဲ့အရာတွေ ဖြစ်ပါတယ်။

### In Door/Out Door အတွက် ပြင်ဆင်ချက်

Out Door ထွက်မယ်ဆိုရင်တော့ လိုအပ်တဲ့ ပစ္စည်းတွေ အားလုံးပါသွားဖို့ကို တစ်ရက် ကြိုတင်ပြီး ပြင်ဆင်ရတယ်။ မင်္ဂလာဆောင်ဆိုရင် ရတဲ့အချိန် နှစ်နာရီ အတွင်းမှာ အဆင်ပြေအောင် ပြုလုပ်ရတယ်၊ Indoor ဆိုရင်တော့ Lighting တွေကို လိုသလို ပြုလုပ်ထားပါတယ်။

### Photo Studio တစ်ခု ဖွင့်ဖို့ ဘာတွေ လိုအပ်လဲ

Photo Studio တစ်ခု ဖွင့်မယ်ဆိုရင်တော့ ဓါတ်ပုံပညာကို ချစ်မြတ်နိုးပြီး ဝါသနာပါဖို့က အဓိက လိုအပ်ပါတယ်။

### ဆက်သွယ်နိုင်မည့်လိပ်စာ

စိုင်းဘုန်းထူး ဓါတ်ပုံတိုက်နှင့် ဗွီဒီယိုဝန်ဆောင်မှုလုပ်ငန်း
တိုင်နီကြီး၊ (၄၆)လမ်း(လယ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၉၂-၉၅၃၊ ၂၉၄-၆၀၆။

# နိုင်ငံတကာ ပညာရေးကို စိတ်ဝင်စားသူများအတွက် Singapore Post-Graduate Diploma in Engineering Management

By BoBo

မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့ တစ်ခုခု ရရှိပြီးသူများနှင့် နိုင်ငံတကာပညာရေးကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများသည် Auston Institute of Management, Singapore မှ ချီးမြှင့်မည့် Post-Graduate Diploma in Engineering Management ကို တက်ရောက်နိုင်မည် ဖြစ်ကြောင်း သိရှိရပါတယ်။

ထိုသင်တန်းကို ၂၀၁၂ ခုနှစ် မတ်လ၊ ဇူလိုင်လ၊ ဩဂုတ်လ တို့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ထိုအင်ဂျင်နီယာသင်တန်းကို အချိန်ပြည့် (၇) လ တက်ရောက်ရမည်ဖြစ်ကြောင်း သိရှိရပါတယ်။ သင်တန်းကြေးမှာ စင်္ကာပူဒေါ်လာ ၉၆၀၀ သာ ကုန်ကျမည် ဖြစ်သောကြောင့် မြန်မာကျောင်းသားများအနေဖြင့် Budget သက်သက်သာသာဖြင့် သင်ယူနိုင်မည်ကြောင်း သိရှိရပါတယ်။ အဆိုပါ သင်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ engineering အဖွဲ့အစည်းများရှိ စီမံခန့်ခွဲမှုဆိုင်ရာ အခန်းကဏ္ဍများအတွက် ထိရောက်စွာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရှိရပါတယ်။

စီးပွားရေးလုပ်ငန်းပိုင်းများတွင် မှန်ကန်စွာ စဉ်းစားဆုံးဖြတ်နိုင်သည့် အရည်အချင်းပြည့်ဝသော အင်ဂျင်နီယာကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ကုန်ထုတ်လုပ်မှုအား စီမံခန့်ခွဲနိုင်ရန် နည်းဗျူဟာများ၊ ဘဏ္ဍာရေး အခြေအနေများ စီစစ်သုံးသပ်ခြင်းများနှင့် စွန့်ဦးတီထွင်ခြင်းများ အစရှိသည့် ဘာသာရပ်များကို ပို့ချပေးသွားမည် ဖြစ်ကြောင်း သိရှိရပါတယ်။

Program Module အနေနဲ့ကတော့ Marketing Management, Human Resource Management, Project Management နှင့် Financial Analysis for Managers တို့ကို core modules အနေနှင့် သင်ယူရမည်ဖြစ်ပြီး Manufacturing Strategy, Lean Operations, Quality and Envirometional Management Systems, Entrepreurship and Innovation တို့ကို Specialized modules အနေနှင့် သင်ယူရမည်ဖြစ်ကြောင်း သိရှိရပါတယ်။ Post-Graduate Diploma in Engineering Management ကို တက်ရောက်လိုသော မြန်မာကျောင်းသားများ အနေနှင့်လည်း အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိထားပြီး (သို့မဟုတ်) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဒီပလိုမာ တစ်ခု ရှိထားပါက တက်ရောက်နိုင်ကြောင်း သိရသည်။

ဖော်ပြပါ ဝင်ခွင့်လိုအပ်ချက်များ မရှိသော်လည်း လုံလောက်ပြည့်စုံသော အလုပ်အတွေ့အကြုံ ရှိထားသူများအား တက်ရောက်ခွင့်ပေးရန် လက်ခံစဉ်းစား သွားမည်ဖြစ်သည်။ Post-Graduate Diploma in Engineering Management ကို တက်ရောက်အောင်မြင်ပြီးပါက Master of Business Administration in Engineering Management ကို ဆက်လက်လေ့လာနိုင်ပါသည်။ အလုပ်လျှောက်လိုသူများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုသူများသည် CROWN Education Office, Room No 228-229, Summit Parkview Hotel, Phone-211888 (Ex 228,229) နှင့် 095085185 တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

*Ref: CROWN Education*

# ကျောင်းပြင်ပ ပညာရေး ၂ နှစ် သင်ယူပြီးသည်နှင့် ပဉ္စမတန်း တိုက်ရိုက် တက်ရောက်နိုင်မည့် အခွင့်အရေး ရရှိနေပြီ

By BoBo



ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (Unicef) နှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ အခက်အခဲ အမျိုးမျိုးကြောင့် ကျောင်းပညာ မသင်ကြားနိုင်ခဲ့ကြသော ကလေးငယ်များအတွက် ကျောင်းပြင်ပ ပညာရေး စနစ်တစ်ခုကို စီမံကိန်းရေးဆွဲကာ အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရပါတယ်။

ယခုအခါ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီးတို့တွင် အဆိုပါ စီမံကိန်းကို NFPE ဟု အမည်ပေးထားကာ စတင် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရပါတယ်။

ထိုပညာရေးစနစ်၏ အကျိုးရလဒ်ကတော့ ကျောင်းပြင်ပ ပညာရေးကို Level-1 နှင့် Level-2 အနေဖြင့် ၂ နှစ် သင်ယူပြီးနောက်တွင် အသက် ၁၀ နှစ်မှ ၁၂ နှစ်အရွယ် ကလေးငယ်များသည် ကျောင်းတွင်း ပညာရေးအဖြစ် ပဉ္စမတန်း (Grade-6) သို့ တိုက်ရိုက် တက်ရောက် သင်ကြားနိုင်မည်ဟု သိရှိရပါတယ်။

သင်ကြားပေးရာ၌ ဘာသာရပ်များအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အခြေခံသိပ္ပံ၊ ပထဝီ၊ သမိုင်း၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့်ပြည်သူနီတိ၊ ပြည်ထောင်စု စိတ်ဓာတ်၊ ကာယနှင့် အားကစားဆိုင်ရာ ဘာသာရပ်များကို အထူးရေးဆွဲထားသောသင်ရိုးညွှန်းတန်း စာအုပ်များနှင့် စနစ်တကျ သင်ကြားပေးလျက်ရှိပြီး ကလေးငယ်များ အဆင်ပြေစေရန် ကျောင်းချိန်ကို ညှိနှိုင်း ဖွင့်လှစ်ထားပေးထားကြောင်း သိရှိရပါတယ်။

# ကမ္ဘာ့အသိအမှတ်ပြုဆေးပညာရပ်ကိုသင်ကြားလိုသော ကျောင်းသားများအတွက် (MSI)မှ ဦးစီးကျင်းပသော ဆွေးနွေးဟောပြောပွဲ

By NLA

၁၉၉၂-ခုနှစ်မှစပြီး ဆေးပညာရပ်များကို အထူးပြုသင်ကြား ပေးလျက်ရှိသော International University (IMU)မှ ကျောင်းအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို Myanmar Search International (MSI) ပညာရေးဝန်ဆောင်မှုမှကြီးမှူး၍ - " ၂၀၁၂ ခုနှစ်၊ မေလ၊ ၂၄ရက် (ကြာသပတေးနေ့) ၊နေ့လည် ၃:၀၀ နာရီမှ ၅:၀၀ နာရီထိ Park Royal Hotel Meeting Room (3) " တွင်ကျင်းပသွားမည်ဖြစ်ပြီး ၎င်းကျောင်းမှ အထူး တာဝန်ရှိသူများ ဖြစ်သော - " Mr.Sebastian Loh နှင့် Ms. Jean Sue " မှ ကျောင်းဝင်ခွင့် သတ်မှတ်ချက်များ၊ International Medical University (IMU) ကျောင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသွားမည် ဖြစ်သည်။

အထူးပြု သင်ကြားနိုင်သော ဆေးပညာရပ်များမှာ - Medicine / Dentistry / Pharmacy / Pharmaceutical Chemistry / Nursing / Nursing Science / Chiropractic / Chinese Medicine တို့ဖြစ်သည်။ ထို့အပြင် International Medical University (IMU) မှာ (၁ နှစ် သို့မဟုတ် ၂ နှစ်) ပညာသင်ပြီးသောအခါ UK, Ireland, New Zealand, Canada, the USA and Australia တွင်ရှိသော ကမ္ဘာ့ အသိအမှတ်ပြု ထိပ်တန်းတက္ကသိုလ်များ ဖြစ်ကြသည့် - (The University of ADELAIDE, The University of MELBOURNE, Australian National University, The University of Newcastle Australia, The University of Queensland Australia, RMIT University, The University SDYNEY, UTAS, University of Western Sydney, The University of Western Australia, The University of Auckland, University of OTAGO ) ကျောင်းများသို့ ပြောင်းရွှေ့တက်ရောက်ပြီး ဘွဲ့ဒီဂရီ ရယူနိုင်သလို၊ မလေးရှားနိုင်ငံတွင်လည်း ဘွဲ့ဒီဂရီပြီးဆုံးသည်အထိ သင်ယူနိုင်သည်။ ထို့ပြင် Postgraduate Research Masters နှင့် PhD Programmers များကိုပါ သင်ကြားလျက်ရှိကြောင်း သိရသည်။



၎င်းကျောင်းကို အရည်အချင်းပြည့်မီသော Professor များ ပူးပေါင်းကာ IMC ကောလိပ်ကို (ဧပြီလ၊ ၁၃ရက်၊ ၁၉၉၂ ခုနှစ်) တွင် Malaysia’s Education Minister (မလေးရှားနိုင်ငံ ပညာရေးဝန်ကြီး YB Datuk Amar Dr Sulaiman Haji Daud) မှ မလေးရှားအစိုးရ၏ နိုင်ငံတွင်း ဦးဆောင်ဦးရွက်ပြုနိုင်သော အကောင်းဆုံး ပညာရေး စင်တာ ဖြစ်လာစေရန်၊ မလေးရှားနိုင်ငံရှိ ကျောင်းသားများ Doctors and Healthcare Professionals များ ဖြစ်လာစေရန်နှင့် ကျောင်းသားများ မျှော်လင့်သော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေဖို့ ရည်ရွယ်ကာ တရားဝင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ ဆေးပညာကို အထူးစိတ်ဝင်စားသော ကျောင်းသားများ အတွက်သာ ရည်ရွယ်ပြီး ဤပွဲကို Myanmar Search International (MSI) မှ ကျင်းပရခြင်း ဖြစ်သည်။

# BC တွင် ကမ္ဘာ့စာအုပ်များနေ့ အထိမ်းအမှတ်ပွဲ ကျင်းပခဲ့

By BoBo


ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် ဧပြီလ (၂၃) ရက် တနင်္လာနေ့၌ "ကမ္ဘာ့စာအုပ်များနေ့" အထိမ်းအမှတ် အစီအစဉ်များကို ကျင်းပခဲ့ပါတယ်။ အဆိုပါ အစီအစဉ်များတွင် ကလေးများအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြခြင်းနှင့် စာပေ ဟောပြောပွဲများကို ကျင်းပခဲ့ပြီး စာပေကို နှစ်သက်မြတ်နိုးသူများ အားလုံး အတူတကွ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။

ဆေးရောင်ခြယ်ပြိုင်ပွဲကို (၂၃) ရက် နံနက်(၁၀) နာရီမှ စတင်ကာ အသက်(၇) နှစ်မှ (၁၂) နှစ်အထိ ပြိုင်ပွဲဝင် ကလေးများကို မိမိနှစ်သက်ရာ ရောင်စုံခဲတံများ ယူဆောင်လာခွင့် ပေးထားခဲ့သည့်အပြင် စာကြည့်တိုက်မှ ပြင်ဆင်ပေးထားသော ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်ရန် ပုံများကို အရောင်များ ရေးဆွဲကာ ယှဉ်ပြိုင်ခဲ့ကြပါတယ်။

ပြိုင်ပွဲဝင်ကလေးများကို အသက်အလိုက်အဖွဲ့သုံးဖွဲ့ ခွဲ၍ ယှဉ်ပြိုင်စေခဲ့ပြီး တစ်ဖွဲ့ချင်းစီမှ အကောင်းဆုံး ဆေးခြယ်နိုင်သူ သုံးဦးကို ရွေးချယ်၍ ဆုများ ချီးမြှင့်ခဲ့ပြီး အကောင်းဆုံးလက်ရာများကို ဗြိတိသျှကောင်စီ ကလေးစာကြည့်တိုက်တွင် ပြသထားပါတယ်။

ဗြိတိသျှကောင်စီမှ ဆရာ Davie သည် နေ့လည်(၂)နာရီတွင် အသက် (၅) နှစ်မှ (၁၂)နှစ်အရွယ် ကလေးငယ်များအတွက် ပုံပြင် ဖတ်ပြသည့် အစီအစဉ်ကို ကျင်းပခဲ့ပြီးနောက် ကလေးများကို လက်ဆောင်များ ပေးခဲ့ကြပါတယ်။

ဆရာ အောင်သိန်းကျော် (အေတီကေ (ခ) ဆူဒိုနင် (ခ) အတ္တကျော်) မှ ညနေ (၅) နာရီတွင် အသင်းဝင်များနှင့် စာပေကို ချစ်မြတ်နိုးသူများ အားလုံးအတွက် "ဉာဏ်နဲ့ ယှဉ်လျက် ခံစားချက် (Emotional Literacy)" ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး ဟောပြောပွဲ အပြီးတွင် ဆရာနှင့် သိလိုသည်များကို ဆွေးနွေးခဲ့ကြပါတယ်။





# ရေဝန်းဘုန်းတော်ကြီး ပညာသင်ကျောင်း ဆောက်လုပ်ရန်အတွက် ဂျပန်အစိုးရမှ အမေရိကန်ဒေါ်လာ ၉၁,၂၈၄ ထောက်ပံ့

By Bo Bo



မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ တဲစုကျေးရွာ၊ ရေဝန်းဘုန်းတော်ကြီး မူလတန်းလွန် ပညာသင်ကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အတွက် အသေးစား စီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်အရ ဂျပန်အစိုးရမှ အမေရိကန် ၉၁,၂၈၄ ဒေါ်လာကို လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့အဖြစ် ပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၂ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် အထောက်အပံ့ ပေးရေးသဘောတူစာချုပ်ကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံအမတ်ကြီး Mr. Ichiro MARUYAMA နှင့် ကျောင်းဆောက်လုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးနက်ကျော်တို့မှ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါတယ်။

ဆင်းရဲသော မိသားစုနှင့် မိဘမဲ့ ကလေးများ စုစုပေါင်း ကျောင်းသား ၄၂ ယောက်ခန့်အတွက် အခမဲ့ ပညာသင်ကြားပေးနိုင်ရန် ၁၉၉၅ ခုနှစ်တွင် ဘုန်းတော်ကြီးကျောင်းကို အသုံးပြုလျက် စတင်တည်ထောင်ခဲ့သော ရေဝန်းဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်းသည် ၂၀၀၅ ခုနှစ်တွင် မူလတန်း လွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့် ရရှိခဲ့ကြောင်း သိရှိရပါတယ်။

ယခုအချိန်တွင် ကျောင်းသားဦးရေ တိုးပွားလာသည့်အတွက် စာသင်ခန်းများ လုံလောက်မှု မရှိဘဲ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရကာ အချို့သော ကျောင်းသူ၊ ကျောင်းသားများမှာ ထန်းလက်အမိုးနှင့် အကာ မရှိသော ယာယီစာသင်ကျောင်းဆောင်များ၌သာ ပညာသင်ယူနေရသည့် အခြေအနေတွင် ရောက်ရှိနေကြောင်း သိရှိရပါတယ်။ ကျောင်းသူ၊ ကျောင်းသားများအတွက် ကျောင်းသုံး ပရိဘောဂများ မလုံလောက်သောကြောင့် မြေကြီးပေါ်တွင် ဘိလပ်မြေအိတ်ခွံများ ခင်း၍ ပညာသင်ကြားနေရကြောင်း သိရပါတယ်။

ထိုသို့သော အခြေအနေများတွင် ကျောင်းဆောင်သစ် တစ်ခု တည်ဆောက်ရေးအတွက် ကျောင်းထိုင်ဆရာတော်၊ ကျောင်းသား မိဘ ဆရာ အသင်းနှင့် ကျောင်းသားမိဘများက ကြိုးစား အားထုတ်ခဲ့ကြကြောင်း သိရပါတယ်။ သို့သော်လည်း ၎င်းကျေးရွာဒေသနေ ရွာသူရွာသားများသည် ဝင်ငွေနည်းသော ဆင်းရဲသား မိသားစုများ ဖြစ်သောကြောင့် ငွေကြေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရပါတယ်။

ဤကဲ့သို့ အခြေအနေများဖြစ်ပေါ်နေ၍ ဂျပန်အစိုးရသည် ၎င်း၏ အသေးစား စီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်အရ ရေဝန်း ဘုန်းတော်ကြီးသင် ပညာရေးမူလွန်ကျောင်းအတွက် စာသင်ခန်း ငါးခန်းပါ စာသင်ဆောင်၊ အိမ်သာများ တည်ဆောက်ရန်နှင့် ကျောင်းသုံး ပရိဘောဂများအတွက် ထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရပါတယ်။

ဤအထောက်အပံ့သည် အဆိုပါ ကျောင်းအတွင်း ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများအတွက် ပိုမိုကောင်းမွန်သော ပညာသင်ကြားမှု အခြေအနေများကို ဖြစ်ပေါ်စေပြီး ဂျပန်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးကို တိုးတက် ခိုင်မာလာစေရန် မျှော်လင့်ထားကြောင်း သိရှိရပါတယ်။

*Ref: myanmar.mmtimes.com*

# သြစတြေးလျအစိုးရမှ ချီးမြှင့်မည့် AusAID ပညာတော်သင်ဆု

By BoBo

Australian Government
AusAID

သြစတြေးလျအစိုးရမှ မြန်မာ ကျောင်းသားများအတွက် အခြေခံ ပညာရေး၊ အစားအစာ ဖူလုံရေး၊ ရေရှည် တည်တံ့သော ဖွံ့ဖြိုးမှုနှင့် မိခင်နှင့် ကလေး ကျန်းမာရေး ပညာ မဟာဘွဲ့၊ ပါရဂူဘွဲ့ သင်တန်းများကို AusAID ပညာတော်သင်ဆု ချီးမြှင့်ရန် စီစဉ်ထားရှိကြောင်း သိရှိရပါတယ်။

လူသား အရင်းအမြစ် ဖွံ့ဖြိုးရန် အထူး လိုအပ်နေသည့် မြန်မာနိုင်ငံ အတွက် ဦးစားပေးကာ ပြုလုပ်သော အစီအစဉ်တစ်ခု ဖြစ်ပြီး မြန်မာပြည် တွင်းမှ ကျောင်းသား ၃၀ ဦး သြစတြေးလျတွင် ပညာတော်သင်ဆုဖြင့် ကျောင်းတက်ခွင့် ရရှိနိုင်မည့် အခွင့်အရေး တစ်ခု ဖြစ်ကြောင်း သိရှိရပါတယ်။ အွန်လိုင်း လျှောက်လွှာများကို http://oasis.ausaid.gov.au တွင် ဧပြီလ ၃၀ ရက်နေ့ ၂၀၁၂ နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း သိရှိရပါတယ်။

ရန်ကုန်မြို့တွင်းရှိ သြစတြေးလျ သံရုံးတွင်လည်း ၃၀ ရက် ဧပြီလ ၂၀၁၂ နေ့ နောက်ဆုံးထားပြီး လျှောက်လွှာတင်နိုင်မှာ ဖြစ်ပြီး ၂၀၁၃ တွင် ကျောင်း စတင် တက်ရောက်ရမည် ဖြစ်ကြောင်း သိရှိရပါတယ်။

*Ref: ausaid.gov.au*

# ပညာသင်ရန် အခက်တွေ့နေကြသော မြန်မာနိုင်ငံနယ်စပ်ရှိ ကလေးငယ်များ

By Bo Bo

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း (SWAN)မှ ထောက်ပံ့ငွေ နည်းပါးမှုကြောင့် ရှမ်းပြည်နယ်နှင့် ထိစပ်နေသော နယ်စပ်တလျှောက်တွင် ပညာသင်နေကြသည့် ကျောင်းသားကျောင်းသူ အယောက် ၁,၀၀၀ ဝန်းကျင်သည် လာမည့် ပညာသင်နှစ် ရောက်လျှင် အခက်အခဲများနှင့် ကြုံတွေ့မည်ဟု သတိပေး ပြောကြား ထားကြောင်း သိရှိရပါတယ်။

ရှမ်းပြည်နယ်အတွင်းနှင့် ထိုင်း - မြန်မာ နယ်စပ်များတွင် ပညာသင်ကြားနေကြသည့် မိဘမဲ့ကလေး၂၅၀၀ ကျော်ခန့်သည် ယခုနှစ် မေလတွင် စတင်မည့် ပညာသင်နှစ်တွင် ပညာဆက်လက် သင်ကြားနိုင်ရန်အတွက် စိုးရိမ်ပူပန်နေကြရကြောင်း (SWAN) အဖွဲ့က ပြောကြားထားကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ထွန်းမှုများအပေါ် အခြေပြု လှူဒါန်းနေကြသည့် အလှူရှင်များထံမှ ရရှိသည့် ရန်ပုံငွေရရှိမှု နည်းပါးလာသောကြောင့် လိုအပ်သည့် ငွေကြေးများထဲမှ ၂၀ ရာခိုင်နှုန်းမျှကိုသာ အကူအညီ ရရှိထားကြောင်း သိရှိရပါတယ်။

ထောက်ပံ့မှုများထဲမှ ကျောင်းသားများအတွက် သွားလာစရိတ်၊စာရေးကိရိယာ၊ နေ့လယ်စာနှင့် နွားနို့တို့ ပါဝင်ပြီး ဆရာမများအတွက် ထောက်ပံ့ကြေးများလည်း ပါဝင်ကြောင်း သိရှိရပါတယ်။ SWAN အဖွဲ့ တာဝန်ခံ နန်းဆိုင်မွန်းမှ



"ကလေးမိဘတွေက လိမ္မော်ခြံ၊ သရက်ခြံမှာ အလုပ်လုပ်တော့ သူတို့နေတဲ့ နေရာကနေ ကျောင်းအထိ လာဖို့ဆိုရင် တချို့နေရာတွေ ၁၅ ကီလိုမီတာ၊ တချို့ လေးငါးကီလိုမီတာလောက်အထိက လမ်းလျှောက်လာဖို့ မဖြစ်နိုင်ဘူးလေ။ ကလေးတွေက ငယ်သေးတယ်။ မိဘတွေကလည်း သူတို့ စားဝတ်နေရေး အတွက် အခက်အခဲဖြစ်တော့ ကလေးတွေကို မကူညီနိုင်ဘူး။ ထိုင်းအစိုးရကျောင်းမှာ ဝင်မလား ဆိုတော့လည်း ထိုင်းနိုင်ငံသား မဟုတ်တော့ အထောက်အပံ့လည်း နည်းတယ်"ဟု ပြောကြားထားကြောင်း သိရှိရပါတယ်။

လက်ရှိအချိန်တွင် အကူအညီပေးရေး အဖွဲ့အစည်းအများစုသည် မြန်မာပြည်သို့ လာရန်သာ စိတ်ဝင်စားနေကြပြီး ကူညီကြသကဲ့သို့ ပြင်ပတွင်လည်း ဆက်၍ ကူညီရန် လိုအပ်နေသေးသည်ဟု ပြောကြား ထားကြောင်း သိရှိရပါတယ်။

နိုင်ငံတကာနှင့် တစ်ဦးချင်း အလှူရှင်များ၏ အကူအညီများနှင့် မြန်မာ-ထိုင်းနယ်စပ်နှင့် ရှမ်းပြည်နယ် အတွင်းတွင် SWAN အဖွဲ့မှ စာသင်ကျောင်း ၁၅ ကျောင်းနှင့် မိဘမဲ့ စောင့်ရှောက်ရေး ဂေဟာ ၄ ခု ဖွင့်လှစ်ထားကြောင်း သိရှိရပါတယ်။ ကလေး တစ်ယောက်အတွက် တစ်နှစ်တာ ကျောင်းစရိတ်သည် ဒေါ်လာ ၁၀၀ ခန့် (ကျပ် ၈ သောင်း) ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်းတွင် ဖြစ်ပွားနေသည့် မတည်ငြိမ်မှုများကြောင့် ရှမ်းလူမျိုးများသည် ထိုင်းနိုင်ငံအတွင်းတွင် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခြင်းမခံရသကဲ့သို့ပညာရေး၊ ကျန်းမာရေးနှင့် လူသားခြင်း စာနာမှုဆိုင်ရာ အထောက်အပံ့များ ရရှိရန် အခက်အခဲများ ရှိနေကြောင်း သိရှိရပါတယ်။

ထို့အတူ မြန်မာ-ထိုင်းနယ်စပ်ရှိ ကရင်စာသင်ကျောင်းများတွင်လည်း ယခုနှစ်အတွင်း အလှူငွေ အနည်းငယ် လျော့သွားသော်လည်း ရန်ပုံငွေ အခက်အခဲ မရှိကြောင်း နောက်နှစ်များ အတွက်တော့ ရန်ပုံငွေ ရရှိရေးသည် မသေချာတော့ကြောင်း ကရင် ဒုက္ခသည်များကို ပညာ ရေးအကူအညီ ပေးနေသည့် Karen Teacher Working Group မှ ပြောကြားထားကြောင်း သိရှိရပါတယ်။

*Ref: maukkha.org*

# မြန်မာ ကျောင်းသားများ လျှောက်ထားနိုင်မည့် CDSSEA အရှေ့တောင်အာရှ ဖွံ့ဖြိုးမှု လေ့လာရေး ပညာတော်သင်ဆု

By BoBo



ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ကျောင်းသားများအတွက် မဟာတန်းဘွဲ့ (ဖွံ့ဖြိုးမှုပညာ) ပညာတော်သင်ဆုကို CDSSEA အရှေ့တောင်အာရှ ဖွံ့ဖြိုးမှု လေ့လာရေးအဖွဲ့က ချီးမြှင့်ရန် စီစဉ်ထားရှိကြောင်း သိရှိရပါတယ်။ ထိုင်းနိုင်ငံ တက္ကသိုလ်များ ဖြစ်သည့် ချင်းမိုင်တက္ကသိုလ်၊ Chiang Mai University, Chulalongkorn University, AIT တို့တွင် ပညာသင်ဆု အောင်မြင်သော ကျောင်းသားများ အနေဖြင့် တက်ရောက် ဆည်းပူးခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါတယ်။

မဟာဘွဲ့သင်တန်း ကာလမှာ ၁၄ လမှ ၂၂ လ အထိ ကြာမြင့်မည် ဖြစ်ပြီး ပညာတော်သင်ဆုအနေဖြင့် ကျောင်းလခ၊ လစဉ် ထောက်ပံ့ကြေး၊ သုတေသန ကုန်ကျစရိတ်နှင့် လေယာဉ်လက်မှတ်တို့ကို ခံစားခွင့်ရရှိမည် ဖြစ်ကြောင်း သိရှိရပါတယ်။

လျှောက်ထားလိုသူများသည် BA ဘွဲ့လက်မှတ်ကို အဆင့်ကောင်းကောင်းဖြင့် ရရှိထားသူ၊ TOEFL အမှတ် ၅၅၀၊ (သို့မဟုတ်) IELTS 6.0 ရရှိထားသူ ဖြစ်ရမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ပညာတော်သင်ကာလ ပြီးဆုံးပါက မိမိတိုင်းပြည်သို့ ပြန်ပြီး အလုပ်လုပ်နိုင်သူများနှင့် လုပ်သက်ရှိသူများလည်း လျှောက်ထားနိုင်မည် ဖြစ်ကြောင်း သိရှိရပါတယ်။

*Ref: cdssea.weebly.com*

# PRODUCTS REVIEW



## Dell Inspiron i3

Intel ရဲ့ Core i3-2350M 2.30GHZ ကို အသုံးပြုထားတဲ့ Dell Inspiron N4050-1102 Laptop ဟာ DDR3 4 GB DDR3 1333MHz Memory ကို အသုံးပြုထားပါသည်။ သိုလှောင်မှုပမာဏ 500 GB SATA 5400 rpm ပါဝင် ပြီး Graphic Card အနေနဲ့ကတော့ ATI Radeon™ HD 6470M 1GB DDR3 အသုံးပြုထားပါတယ်။

14.0" HD LED LCD(1366x768) Screen ကို တပ်ဆင်ထားလို့ ရှင်းလင်းပြတ်သားတဲ့ ပုံရိပ်တွေ ခံစားနိုင်ပြီး DVD SuperMulti Double Layer ပါဝင်ပါတယ်။ LAN နှင့် Wireless အသုံးပြုနိုင်ပြီး WiFi ပါရှိတဲ့အတွက် အင်တာနက်ရရှိတဲ့နေရာတိုင်း အသုံးပြုနိုင်ပါသည်။ Webcam, CardReader, DVD Writer, HDMI များ ပါရှိပြီး USB 3.0 ကို အသုံးပြုထားသောကြောင့် Data Transfer လျှင်မြန်စွာ ပြုလုပ်နိုင်မှာ ဖြစ်ပါသည်။

Battery မှာ 6 cells ဖြစ်သည့်အတွက် သင့်တင့်သော Battery သက်တမ်း ရှိပါသည်။ Dell Inspiron N4050-1102 ကို အသုံးပြုချင်သူများ၊ လေ့လာဝယ်ယူလိုသူများအတွက်၊ ဈေးနှုန်းအနေနဲ့ကတော့ ကျပ် 470,000 ဝန်းကျင်ရှိပြီး UNIQUE Computer Centre အမှတ် (261) အထက်ပန်းဆိုးတန်းလမ်း၊ ဖုန်း-၀၉-၇၃၁-၇၁၂-၁၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။




## ASUS i5

ဂိမ်းသမားတွေ ကြိုက်နှစ်သက်စေမည့် Lap-Top တစ်လုံးဖြစ်သည်။ Processor ကို intel Core i5-2450M 2.5GHz အသုံးပြုထားပြီး Memory အနေနဲ့ကတော့ 4GB DDR3 1333MHz ပါဝင်တာကြောင့် စက်၏ စွမ်းဆောင်ရည်ကို အကောင်းဆုံး ရရှိမှာ ဖြစ်ပါတယ်။ Graphic Card ကိုတော့ Gamer တွေ စိတ်ကြိုက် ဖြစ်စေမည့် NVIDIA GT520M 1GB DDR3 ပါဝင်တာကြောင့် ရုပ်ထွက်ကောင်းကောင်းဖြင့် အသုံးပြုနိုင်မှာ ဖြစ်သည်။ HDD 500GB SATA 5400rpm ပြီး 14.0" HD LED LCD (1366x768) ကျယ်တဲ့ Display ပါဝင်ပါတယ်။ အခြားပါဝင်တဲ့ Accessories တွေကတော့ Webcam, WiFi, GBLan, DVD Writer, Bluetooth 3.0, HDMI, USB 3.0 တို့ ပါဝင်ပါတယ်။ Battery ကတော့ 6 Cell Li-ion ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 729 ဝန်းကျင်ခန့်ရှိပြီး Golden Power Technology ဖုန်း ၀၁-၂၂၆-၆၆၄ ဝယ်ယူနိုင်ပါသည်။



## MSI i5

MSI အသုံးပြုသူအများစု ကြိုက်နှစ်သက်ကြမည့် Laptop အမျိုးအစား ဖြစ်ပါသည်။ Processor ကို intel Core i5-2450 2.5GHz ကို အသုံးပြုထားပြီး Memory ကို 2GB DDR3 1333MHz အသုံးပြုထားတာကြောင့် Laptop ၏ စွမ်းဆောင်ရည်ကို ကောင်းမွန်စေမှာ ဖြစ်ပါတယ်။ Graphic Card ကို NAVIDIA Geforce GT520M DDR3 1GB ပါဝင်လို့ နောက်ဆုံးထွက် ဂိမ်းတွေကို ကစားနိုင်မှာ ဖြစ်ပါတယ်။ HDD ကို SATA 500GB 7200rpm ပါဝင်တာကြောင့် User တွေရဲ့ Data တွေကိုစိတ်ကြိုက် သိမ်ဆည်းနိုင်မှာ ဖြစ်ပါတယ်။ High speed data transfer အတွက် USB 3.0 ပါဝင်သောကြောင့် Data transfer ပိုပြီးလျင်မြန်မှာ ဖြစ်ပါသည်။ Display ကိုတော့ 14.0" HD LED (1366x768) အသုံးပြုထားတာ ဖြစ်ပါတယ်။ အခြားပါဝင်တဲ့ Accessories တွေကတော့ DVD Writer, Webcam, WiFi, GBLan, Bluetooth 3.0, HDMI တို့ ပါဝင်ပါတယ်။ Battery ကိုတော့ 6-Cells Li-ion ကို အသုံးပြုထားပါသည်။ ဈေးနှုန်းကိုတော့ USD 680 ခန့်ရှိပြီး ပြည်တွင်းရှိ ကွန်ပျူတာ အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။



## Lenovo i3

Display 14.0" ခန့်သာရှိသော Lenovo Z470 အမျိုးအစား Laptop သည် Processor ကို Intel Core i3-2350M 2.30GHz ကို အသုံးပြုထားပါသည်။ Memory အနေနဲ့ကတော့ 4GB DDR3 1333MHz ကို အသုံးပြုထားပြီး Data Storage အနေနဲ့ကတော့ 500GB SATA 5400 rpm ကို အသုံးပြုထားပါသည်။ Graphic Card ကိုတော့ NVIDIA GeforceGt540M 2GB DDR3 ကို အသုံးပြုထားသောကြောင့် နောက်ဆုံးထွက် ဂိမ်းတွေကို ကစားနိုင်မှာ ဖြစ်သလို Designer များလည်း အကြိုက်တွေ့မှာ ဖြစ်ပါတယ်။ High speed data transfer USB 3.0 ပါဝင်ပါသည်။ DVD Writer Super Multi DL ပါဝင်ပြီး၊ Web Camera, Card Reader, Wireless LAN(N), HDMI, eSATA စသော Accessories များ ပါဝင်ပါသည်။ ဈေးနှုန်းအနေနဲ့ကတော့ USD 670 ခန့်ရှိပြီး စိတ်ဝင်စားကာ ဝယ်ယူချင်သူများအဖို့ Lenovo ၏ မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် ဖြစ်သော KMD အမှတ် ၁၇၄-၁၈၂၊ ပန်းဆိုးတန်း (အလယ်)၊ ရန်ကုန်၊ ဖုန်း ၂၄၅ ၁၈၀၊ ၃၈၅ ၁၇၇၊ ၃၈၄ ၁၀၉ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။



## Aspire i5

Intel ရဲ့ ဒုတိယမျိုးဆက်သစ် Core i5 Sandy-Bridge Proccessor 2450M 2.5 GHz ပါဝင်ပြီး Turbo Boost အရ 2.5 GHz(2 Core Active)/3 GHz ( 1 Core Active) အထိ တိုးမြှင့်အသုံးပြုနိုင်မှာ ဖြစ်သည်။ DDR3 4 GB (1333)Memory ကို ထည့်သွင်းထားပြီး Graphic Card အနေနှင့်ကတော့ Nvidia GT630 2GB DDR3 တပ်ဆင်ထားခြင်းကြောင့် ကောင်းမွန်တဲ့ ရုပ်ထွက်နှင့်အတူ မြန်နှုန်းမြင့် လုပ်ချက်တွေအတွက် စိတ်ကျေနပ်စေမှာ ဖြစ်ပါတယ်။ အချက်အလက်များကို မြောက်မြားများစွာ သိမ်းဆည်းနိုင်ဖို့ HDD 750 GB ပါဝင်ပြီး DVD SuperMulti Double Layer တပ်ဆင်ထားပါတယ်။ ရုပ်ထွက်အားကောင်းမွန်မှု သာလွန်တဲ့ Screen Size 15.6" နှင့်အတူ Numpad သက်သက်ပါဝင်တာကြောင့် သင်္ချာဂဏန်းတွေအတွက် အဆင်ပြေစေမှာဖြစ်ပါသည်။ Chicklet keyboard က ခိုင်ခံ့ခြင်း၊ ဖုန်ဝင်ခြင်းများကို ကာကွယ်နိုင်ပါတယ်။ Data Transfer အတွက် Bluetooth, Card Reader များ ပါဝင်ပါသည်။ HDMI Port လည်း ပါရှိပြီး ပါဝင်ကာ Webcam, Integrated Microphone ကို အသုံးပြုထားပါသည်။ Graphic ကို အထူးပြု အသုံးပြုလိုသူများ၊ Screen Size ကြီးကြီးကို အသုံးပြုလိုသူများအတွက် အထူးကြိုက်နှစ်သက်မှာ ဖြစ်သည်။ ဈေးနှုန်းအနေနှင့် 612,000 ဝန်းကျင်ခန့်ရှိပြီး Aspire 5755G ကို ဝယ်ယူလိုပါက Acer ၏ Dealer, Reseller ဆိုင်များတွင် ဝယ်ယူလေ့လာနိုင်ပါသည်။



## HP Pavilion i7

HP အသုံးပြုသူ အများစုကြိုက်နှစ်သက်ကြမည့် Laptop အမျိုးအစား ဖြစ်ပါသည်။ Memory ကို 4GB DDR3 1333MHz ကို အသုံးပြုထားကာ Processor ကို Intel Core i7-2630QM 2.0 GHz ကို အသုံးအသုံးပြုထားသောကြောင့် စက်၏ စွမ်းဆောင်ရည် ကို အထူးကောင်းမွန်စေမှာ ဖြစ်ပါသည်။ Graphic Card ကိုတော့ ATI Radeon™ HD 6770M 1GB DDR3 ကို အသုံးပြုထားပြီး DVD Writer Blueray Combo ပါဝင်ပါသည်။ Display အနေနဲ့ကတော့ 15.6" HD LED LCD (1366x768) ဖြစ်သောကြောင့် User တွေ ကြည့်ရှုမှုကို အစဉ်ပြေစေမှာ ဖြစ်ပါသည်။ Wireless LAN(N) ပါဝင်ပြီး Intel HM65 Express Chipset ကို အသုံးပြုထားပါသည်။ အခြားပါဝင်သော Accessories များကတော့ GbLAN, HDMI, Fingerprint များ ပါဝင်ပါတယ်။ Battery အနေနဲ့ကတော့ 6 Cell Li-ion ကို သုံးထားပါသည်။ ဈေးနှုန်းအနေနဲ့ကတော့ USD 1,180 ရှိပြီး ကွန်ပျူတာအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



## MSI i5

Auto Power Switch တပ်ဆင်ထားသောကြောင့် laptop အဖုံးဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် Windows တက်လာမည်ဖြစ်သည်။ Processor အား Intel Sandy Bridge Core i5 (2450M) 2.5 GHz ကို အသုံးပြုထားပြီး Memory အနေနှင့်ကတော့ DDR3 2GB 1333MHz တပ်ဆင်ထားကာ 8GB အထိတပ်ဆင် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ HDD အား 500 GB SATA 5400 rpm ကို အသုံးပြုထားပြီး DVD SuperMulti ပါဝင်ပါတယ်။ Graphic Card ကိုတော့ Nvidia Geforce GT 520M DDR3 1GB တပ်ဆင်ထားပါသည်။ 14" HD LED Display ဖြစ်ကာ မိမိအသုံးပြုသော နေရာ၏ အလင်းအမှောင်ကို အလိုအလျောက် ချိန်ညှိပေးသော Auto Brightness နည်းပညာ ပါဝင်လာပါတယ်။ အခြားပါဝင်သော Accessories များကတော့ Wi-Fi, 10/100/1000 Mbps LAN, WLAN 802.11 b/g/n, 6 in 1 Card Reader, Bluetooth 3.0, HDMI, USB 3.0 များပါဝင်ပါသည်။ 6 Cells Battery ကို အသုံးပြုထားကာ 7.5 နာရီကြာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အလေးချိန်ကတော့ 2.2 Kg လေးပါတယ်။ ဈေးနှုန်းကတော့ ကျပ် 554,000 ဖြစ်ပြီး Royal Smart Co., Ltd. ဖုန်း-၀၁-၂၂၇-၇၈၁, ၀၁-၂၁၈-၀၄၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။



## Lenovo A1 Tablet

စင်ကာပူနိုင်ငံမှ Lenovo Distributor ကိုယ်တိုင် တင်သွင်းပြီး ဈေးနှုန်းကျပ် (၂) သိန်းဝန်းကျင်ခန့် Lenovo A1 Tablet များကို အဖြူရောင်နဲ့ ပန်းရောင်မော်ဒယ်တွေ ပြည်တွင်းဈေးကွက်အတွင်း ထပ်မံဝင်ရောက်လာတယ်လို့ သိရှိရပါတယ်။ Lenovo A1 Tablet တွေဟာ Andriod 2.3 စနစ်သုံး Tablet အမျိုးအစား ဖြစ်ပြီး Screen အကျယ်ကတော့ 7" ဖြစ်ပါတယ်။ TI3622 Processor ကို အသုံးပြုထားပြီး Memory 512MB နှင့် အချက်အလက်တွေ သိမ်းဆည်းဖို့အတွက် 16GB flash chip ပါဝင်ပါတယ်။ မြန်နှုန်းမြင့် Wireless နည်းပညာကို သုံးစွဲဖို့အတွက် 802.11 b/g/n နဲ့ Bluetooth ပစ္စည်းတွေနဲ့ တွဲဖက်အသုံးပြုနိုင်အောင်လည်း Bluetooth 2.1ကို ထည့်သွင်းပေးထားပါသေးတယ်။ Lenovo Tablet တွေနဲ့ အဆင်ပြေပြေ တွဲဖက်သုံးစွဲဖို့ Andriod Software တွေကို စနစ်တကျရွေးချယ် လွှင့်တင်ပေးထားတဲ့ Lenovo Application Store ကိုလည်း ချိတ်ဆက်နိုင်မှာ ဖြစ်လို့ အဆင်ပြေတဲ့ Andriod Software တွေ တစ်ခုချင်းစီ စမ်းသပ်ပြီးမှ လိုက်လံရွေးချယ်ရတဲ့ ဒုက္ခတွေ ကင်းဝေးစေမှာ ဖြစ်ပါတယ်။ အာမခံ (၁) နှစ်ပေးထားပြီး စိတ်ဝင်စားကာ ဝယ်ယူချင်သူများအနေဖြင့် Lenovo ၏ မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ် ဖြစ်သော KMD အမှတ် ၁၇၄-၁၈၂၊ ပန်းဆိုးတန်း (အလယ်)၊ ရန်ကုန်၊ ဖုန်း ၀၁-၂၄၅-၁၈၀၊ ၀၁-၃၈၅-၁၇၇၊ ၀၁-၃၈၄-၁၀၉ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။













## Suzuki Swift 2009

Wagon ကားအမျိုးအစားဖြစ်ပြီး 2 Doors နှင့် 4 Doors ဟူ၍ ကားနှစ်မျိုး ရှိပါတယ်။ Power Windows, Power Steering, Auto Gear တို့ ပါဝင်ပါတယ်။ အင်ဂျင်ပါဝါ 1300 CC ဖြစ်ပြီး ဆီဝင်ဆံ့မှုကတော့ ၆၀ လီတာ ဖြစ်ကာ ဓာတ်ဆီကို အသုံးပြုရမှာ ဖြစ်ပါတယ်။




## Toyota Mark X 2006

Sedan ကားအမျိုးအစားဖြစ်ပြီး အင်ဂျင်ပါဝါ 3000 CC ရှိပါတယ်၊ Power windows, Power Steering, Auto Gear တို့ ပါဝင်ပါတယ်။ ဆီဝင်ဆံ့မှုကတော့ ၆၀ လီတာဖြစ်ပြီး ဓာတ်ဆီကို အသုံးပြုရမှာ ဖြစ်ပါတယ်။



## Toyota Avalon 2009

ကားအမျိုးအစားကတော့ ဇိမ်ခံကားအမျိုးအစားဖြစ်ပြီး Full Wheel Drive အမျိုးအစားလည်း ဖြစ်ပါတယ်။ အင်ဂျင်ပါဝါ 3000CC ရှိပြီး Power windows, Power Steering, Auto Gear တို့ ပါဝင်ပါတယ်။ ဆီဝင်ဆံ့မှုကတော့ ၃၆ လီတာဖြစ်ပြီး ဓာတ်ဆီကို အသုံးပြုရမှာ ဖြစ်ပါတယ်။



## Toyota VitZ 2009

By APA

Toyota VitZ ဟာ ၁၉၉၉ ခုနှစ်အတွင်း စတင်ထုတ်လုပ်ခဲ့တဲ့ ကားဖြစ်ပြီး ၂၀၀၅ ခုနှစ်မှာ ပထမ မျိုးဆက် ကားများ ထုတ်လုပ်ခြင်းကို ရပ်နားခဲ့ပါတယ်။ ထို့နောက် ၂၀၀၅ ခုနှစ်မှာပဲ ဒုတိယမျိုးဆက် Toyota VitZ ကို ကုမ္ပဏီမှ ပြန်လည်ထုတ်လုပ်ခဲ့ပါတယ်။ VitZ ရဲ့ အင်ဂျင်ပါဝါတွေဟာ 1000CC ကနေ 1300CC အထိ Model အလိုက်ရှိပြီး အမြင့်ဆုံး အင်ဂျင်ပါဝါ 1300CC ပဲ ရှိတဲ့အတွက် Toyota ၏ ၂၀၀၂ ခုနှစ်နောက်ပိုင်း အင်ဂျင်ပါဝါ အနည်းဆုံး ကားဖြစ်ပါတယ်။ VitZ ရဲပုံစံက Suzuki Cultus နှင့် Swift ၏ ပုံစံများနှင့် အကုန်လုံး နီးပါး တူညီနေတဲ့ ကားလည်းဖြစ်ပြီး စတင်ထုတ်လုပ်ကတည်းက အောင်မြင်ခဲ့တဲ့ ကားလို့ ဆိုနိုင်ပါတယ်။ ထို့ပြင် ViitZ ကို ဆီစားသက်သာခြင်းအတွက် လူအများမှ အကြိုက်တွေ့ခဲ့ကြပြီး Cultus နှင့် Swift တို့၏ ပုံစံအတိုင်း 2 Doors နှင့် 4 Doors ဟူ၍ နှစ်မျိုးစလုံးကို ခွဲခြားပြီး ထုတ်လုပ်ခဲ့တဲ့ ကားလည်း ဖြစ်ပါတယ်။

Toyota ဟာ ၄င်းရဲ့ VitZ ဒုတိယမျိုးဆက်တွေကို ၂၀၁၀ ခုနှစ်မှာ ရပ်နားခဲ့ပြီး ၂၀၁၀ ခုနှစ် မေလ ၂၇ ရက်နေ့မှာတော့ ဆန်းသစ်သော ပုံစံဖြင့် တတိယမျိုးဆက်ကို ထပ်မံ ထုတ်လုပ်ခဲ့ပါတယ်။ အဆိုပါ တတိယမျိုးဆက်တွေဟာ ယနေ့အချိန်အထိ တစ်နှစ်ကို တစ်စီး ထုတ်လုပ်ထားပြီး Toyota VitZ ရဲ့ နာမည်ကို လူအများစုက Toyota Yaris ဟု နာမည် နောက်တစ်မျိုးဖြင့် ခေါ်ဝေါ်လေ့ ရှိပါတယ်။

ပြည်တွင်းကားဈေးကွက်အနေအထားအရလည်း ယခုအချိန်မှာ Toyota VitZ 2009 များကို မှာယူ တင်သွင်းမှုများ ရှိလာတာကို တွေ့နေရပြီး အများဆုံးမှာ 2 Doors ပုံစံများသာ ဖြစ်ကြပါတယ်။

Toyota VitZ 2009 ကို မှာယူထားသူတစ်ဦးက " Toyota VitZ 2009 တွေကို မှာယူရတဲ့ အဓိကအချက်က ဆီစားသက်သာလို့ပါပဲ၊ အခုနောက်ပိုင်းထွက်တဲ့ Toyota ကားတွေထဲမှာဆိုရင် VitZ တွေက ဆီစားတော်တော်သက်သာတယ်၊ ကားရဲ့အင်ဂျင် အမျိုးအစားအလိုက် 1000 CC ကနေ အမြင့်ဆုံး 1300CC ပဲရှိတယ်၊ ကားကတော့ Auto Type ပဲ၊ ကားပုံစံက 2 Doors နဲ့4 Doors ဆိုပြီး နှစ်မျိုး ထုပ်လုပ်တယ်၊ ဒီမှာတော့ 2Doors ကို လူငယ်အများစု ဝယ်ယူကြတယ်၊ လူကြီးပိုင်းတွေကြတော့ 4 Doors တွေကို မှာယူကြတယ်" ဟုပြောကြားခဲ့ပါတယ်။

ထို့နောက် ကားအရောင်းစင်တာမှ တာဝန်ရှိသူတစ်ဦးကလည်း "VitZ 2009 တွေကို မှာယူတာ များလာတယ်၊ အခုနောက်ပိုင်း လူတွေက ဆီစားသက်သာတဲ့ ကားတွေကို အဓိကထား ဝယ်ယူလာကြတယ်၊ VitZ 2009 တွေက ဒီဇိုင်းလည်း မိုက်တယ်၊ ဆီစားလည်း သက်သာတဲ့ အတွက်ကြောင့် လူတွေ မှာယူမှုများလာတဲ့ ကားလည်း ဖြစ်ပါတယ်" ပြောကြားခဲ့ပါတယ်။

သို့အတွက် Toyota VitZ 2009 တွေဟာ ယခုအချိန် ပြည်တွင်း ကားဈေးကွက်အတွင်း ဒီဇိုင်းလန်းလန်းနှင့် ကားသေးများကို ကြိုက်နှစ်သက်သူများအတွက် အကြိုက်တွေ့စေနိုင်ပြီး စိတ်ဝင်စား၍ ဝယ်ယူလိုပါက ပြည်တွင်း ကားအရောင်းစင်တာများတွင် စုံစမ်းဝယ်ယူနိုင်ကြောင်း ဖော်ပြလိုက်ရပါတယ်။

## Toyota Wish 2004

Wagon အမျိုးအစားဖြစ်တဲ့ Wish ဟာ 4WD ဖြစ်ပြီး Power windows, Power Steering, Auto Gear တို့ ပါဝင်ပါတယ်။ Engine Power 2000CC ရှိပြီး အသုံးပြုရမည့် ဆီအမျိုးအစားကတော့ ဓာတ်ဆီကို အသုံးပြုရမှာ ဖြစ်ပါတယ်။ ဆီဝင်ဆံ့မှုကတော့ (55) လီတာဝင်ဆံ့ပါတယ်။



## Suzuki Cultus 2008

Wagon ကားအမျိုးအစားဖြစ်ပြီး Power windows, Power Steering, Auto Gear တို့ ပါဝင်ပါတယ်။ အင်ဂျင်ပါဝါ 1300CC ဖြစ်ပြီး 2 Doors နှင့် 4 Doors ဟူ၍ ကားနှစ်မျိုး ရှိပါတယ်။ ဆီဝင်ဆံ့မှုကတော့ ၇၀ လီတာဖြစ်ပြီး ဓာတ်ဆီကို အသုံးပြုရမှာ ဖြစ်ပါတယ်။



## Toyota Harrier (2008)

ကားအမျိုးအစားကတော့ SUV &Off road ကားအမျိုးအစားဖြစ်ပြီး Full Time 4WD ပါဝင်တယ်။ ကားမှာ Power Steering ဖြစ်ကာ၊ Power Windows ၊ Auto Gear တို့ ပါဝင်ပြီး ဆီဝင်ဆံ့မှုကတော့ (၄၅) လီတာ ဖြစ်ပါတယ်။ Engine အမျိုးအစားကတော့ 2400CC ဖြစ်ပါတယ်။





# Beijing Auto Show တွင် နာမည်ကြီး ကားကုမ္ပဏီများမှ ပြသခဲ့သော ကားအသစ်များ

By APA

ဘေဂျင်းတွင် ဧပြီလ ၂၃ ရက်နေ့မှ ၂၅ရက်နေ့အထိ ပြုလုပ်ခဲ့သော Auto Show တွင် နာမည်ကြီး ကားကုမ္ပဏီများဖြစ်တဲ့ Audi, Toyota, Nissan, FAW Hongqi, Honda, Denza အစရှိတဲ့ ကားတွေကို ပြသခဲ့ပါတယ်။ လူစိတ်ဝင်စားမှုကို အဓိက ခံခဲ့ရသော ကားများကို ဖော်ပြအပ်ပါသည်။



## Audi A6 Le – tron

၂၀၁၃ခုနှစ် နှစ်ဦးပိုင်းလောက်မှာ စတင် ဖြန့်ချီမည့် ကားဖြစ်ပြီး Audi ကားကုမ္ပဏီ၏ ပထမဆုံးသော Electric နှင့် Hybrid နည်းပညာကို အသုံးပြုထားသော ကားဖြစ်သည်။ စက်သုံးဆီကော လျှပ်စစ်နဲ့ပါ မောင်းနှင်အသုံးပြုနိုင်တဲ့ ကားဖြစ်ပြီး ကားရဲ့ ဒီဇိုင်းဟာလည်း သေသပ်ကောင်းမွန်သော ဒီဇိုင်း ရှိပါတယ်။ Engine ကတော့ 2.0 TFIS Engine ကို အသုံးပြုထားတာကြောင့် ကားမောင်းရ ပေါ့ပါးလျှင်မြန်စေပါတယ်။



## Denza

တရုတ်နိုင်ငံမှထုတ်လုပ်သည့် Denza ဟာ ၂၀၁၃ခုနှစ် မတ်လတွင် ထွက်ရှိမည့် ကားဖြစ်ပါတယ်။ Electronic တစ်မျိုးတည်းဖြင့် မောင်းနှင်ရမည့် All Electronic ကားဖြစ်ပြီး အခြားနာမည်ကြီး ကားတွေနှင့်အတူ အောင်မြင်မှုများရရှိခဲ့တဲ့ ကားလည်းဖြစ်ပါတယ်။ ကားရဲ့ ဒီဇိုင်းကတော့ Audi ရဲ့ A8 နှင့် ပုံစံတူတဲ့ ကား ဖြစ်ပါတယ်။



## Nissan Sentra

U.S မှာ ရောင်းအားကောင်းခဲ့တဲ့ Nissan Sylphy ရဲ့ ပုံစံမျိုးကို Sentra မှာ ပြန်လည်တွေ့ရှိရမှာ ဖြစ်ပါတယ်။ Sentra ကို ၂၀၁၃ခုနှစ်မှာ စတင်ထုတ်လုပ်မှာ ဖြစ်ပြီး Hybrid ကားအမျိုးအစား ဖြစ်သည်။ Hyundai, Chevrolet, Volkswagen, Kia, Honda, Ford တို့၏ ၂၀၁၃ ထုတ်ကားတွေကို ကျော်ဖြတ်နိုင်မည့် ကားလည်းဖြစ်ပါတယ်။



## Jeep Wrangler Dragon

ထူးခြားချက်ကတော့ ကားရဲ့ Body ပေါ်မှာ ပါရှိတဲ့ ကြေးဝါရောင်နှင့် အဖြူရောင် ရောစပ် ပါဝင်သော နဂါးပုံ ဖြစ်ပါတယ်။ ကား Body နှင့် အတွင်း ထိုင်ခုံပေါ်တွေရှိ နဂါးပုံတွေဟာ နဂါးတစ်ကောင်ကဲ့သို့ မာကျောသည့် ကားဟု ဆိုလိုသည့် အဓိပ္ပာယ် ဖြစ်ပါတယ်။ မီးလုံးတွေကိုလည်း LED မီးသီးတွေနှင့် ပြုလုပ်ထားပြီး 4WD ကားဖြစ်ပါတယ်။



## Honda Concept S

Honda ရဲ့ မျိုးဆက်သစ်ကားလို့ ပြောရင် မမှားတဲ့ကား ဖြစ်ပါတယ်။ Concept S လို့နာမည်ပေးထားရမှာ S ဟာ Style, Smart, Surprise ဆိုတဲ့ ရည်ရွယ်ချက် ဖြစ်သည်။ ကားရဲ့ ပုံစံမှာလည်း နာမည်နှင့် လိုက်အောင် ကြွားဝါမှုရှိတဲ့ ဒီဇိုင်းနှင့်အတူ 2.0 TFIS Engine ကို အသုံးပြုထားတာကြောင့် ကားမောင်းရ ပေါ့ပါးလျှင်မြန်စေမှာဖြစ်ပြီး ၂၀၁၃ မေလမှာ စတင် ဖြန့်ချီမှာ ဖြစ်ပါတယ်။



## MG Icon

တရုတ်မှ ထုတ်လုပ်သော အရည်သွေးမှီ SUV ကားဖြစ်တဲ့ MG ရဲ့ ပုံစံဟာ နာမည်ကြီး ကားတွေဖြစ်တဲ့ Bentley နှင့် Lamborghini တို့ရဲ့ ပုံစံအတိုင်း SUV Full Speed ကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ အလယ်မှာ စတင်ထုတ်လုပ်မှာ ဖြစ်ပါတယ်။



## Mercedes – Benz

Benz Viano Vision Diamond ကားကတော့ ခေတ်လွန် SUV ကားလို့တောင် ပြောလို့ရတဲ့ နည်းပညာတွေ ပါဝင်ပါတယ်။ Body ဒီဇိုင်းကလည်း ခပ်ဆန်းဆန်း ပြုလုပ်ထားပြီး အထူးပြောစရာကတော့ ကားရဲ့ အတွင်းပိုင်းပါပဲ၊ သီးသန့် ဧည့်ခန်းလေးလို့တောင် ပြောလို့ရတဲ့ အနေထားမျိုးမှာ ရှိပါတယ်။ ၂၀၁၃ နှစ်ကုန်ပိုင်းလောက်မှာ ထုတ်လုပ်မှာ ဖြစ်ပါတယ်။



## Chary Ant

Chary ကားကုမ္ပဏီမှ ၂၀၁၃ တွင် ထုတ်လုပ်မည့် ကားအသစ်ရဲပုံစံဟာ လူတိုင်း ပြောစမတ် ဖြစ်အောင် ထူးဆန်း လှပါတယ်။ ပုရွက်ဆိတ် ပုံစံဖြင့် ပြုလုပ်ထားသောကား ဖြစ်တာကြောင့် Ant ဟုအမည်ပေးထားတဲ့ ကားဖြစ်ပါတယ်။ ဒီကားဟာ နာမည်ကြီးကား ကုမ္ပဏီအားလုံးကို အံ့အားသင့် စေခဲ့သည့် ကား ဖြစ်ပါတယ်။

## အိုဟောင်း အစားထိုးယဉ်များ အမေရိကန် ဒေါ်လာ သန်း ၂၅၀ ကျော်ဖိုး တင်သွင်းခဲ့ပြီး ဖြစ်

By APA



ပြည်တွင်းမှာ မြို့ပြ အင်္ဂါရပ်နဲ့ ကိုက်ညီ စေဖို့ အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ အိုဟောင်းယာဉ်များကို အပ်နှံစေကာ အစားထိုး ယာဉ် တင်သွင်းခွင့် ပါမစ်များ ထုတ်ပေး လျက်ရှိပါတယ်။ ဒီလို အစားထိုး ယာဉ်တင်သွင်းခွင့် ပါမစ်များ ထုတ်ပေးလျက်ရှိရာမှာ ဧပြီလ ၂၃ ရက်နေ့အထိ အိုဟောင်း အစားထိုး ယာဉ်တင်သွင်းမှုဟာ အမေရိကန် ဒေါ်လာ ၂၅၇.၆၄ သန်းအထိ ရှိနေပြီဟု သိရှိရသည်။

ဒီလို အစားထိုးယာဉ် တင်သွင်းမှုကို ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ဆန်းပိုင်းမှ စတင်ကာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိ အစားထိုး ယာဉ်တင်သွင်းမှုဟာ အနိမ့်ဆုံး ၉၆ မော်ဒယ်ကနေ အမြင့်ဆုံး ၂၀၀၆ မော်ဒယ်ရှိကား အမျိုးအစားများကို တင်သွင်းခွင့် ပြုထားတာ ဖြစ်ပါတယ်။ အဲ့ဒီလို တင်သွင်းရာမှာ ဧပြီလ ၂၃ ရက်နေ့အထိ စာရင်းများအရ လူစီးယာဉ် အစီးရေ ၁၆၉၈၃ စီး၊ ကုန်တင်ယာဉ် အစီးရေ ၂၀၁၄ စီးနဲ့ ခရီးသည်တင် ယာဉ် ၆၇၂ စီး၊ စုစုပေါင်း အစီးရေ လေးသောင်း နီးပါး တင်သွင်းခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။

ကိုးကား - EMG

## BMW ကား ကုမ္ပဏီဟာ ကမ္ဘာတစ်ဝှမ်းရှိ ကားအစီးရေ ကိုးထောင့်နှစ်ရာကို ပြန်လည် သိမ်းယူသွားမယ်

By APA

ဂျာမနီနိုင်ငံ အခြေစိုက် ဇိမ်ခံကား ကုမ္ပဏီ တစ်ခုဖြစ်တဲ့ BMW ကား ကုမ္ပဏီဟာ ကမ္ဘာတစ်ဝှမ်းရှိ ကားအစီးရေ ကိုးထောင့်နှစ်ရာကို ပြန်လည်သိမ်းယူ သွားမယ်လို့ သိရပါတယ်။ အဲဒီလို ပြန်လည် သိမ်းယူတာဟာ ကားတွေရဲ့ အအေးခံပိုက်လိုင်း စနစ်မှာ ချို့ယွင်းချက်ရှိတာကြောင့် ဖြစ်ကြောင်း BMW ကုမ္ပဏီက ပြောကြားခဲ့ပါတယ်။

အခုလို ပြန်လည်သိမ်းယူမယ့် ကားတွေထဲမှာ BMW ရဲ့ ရှစ်လုံးထိုးနဲ့ ဆယ့်နှစ်လုံးထိုး အင်ဂျင်တွေ တပ်ဆင်ထားတဲ့ X5 ၊ X6 ၊ Mini Cooper S နဲ့ Mini John Cooper Works ကား အမျိုးအစားတွေ ပါဝင်မှာ ဖြစ်ပြီး ကားအများစုဟာ ၂၀၁၁ ခုနှစ် မတ်လနဲ့ ဧပြီလအတွင်းက ထုတ်လုပ်ခဲ့တဲ့ ကားတွေ ဖြစ်ပါတယ်။ အဆိုပါ ကားတွေရဲ့ အအေးခံ ပိုက်လိုင်းတွေဟာ အပူလွန်ကဲမှု ရှိနေပြီး အရမ်းဆိုးဝါးလာတဲ့ အခါမှာ မီးလောင်နိုင်တဲ့ အနေအထားရှိနေတာ ဖြစ်ပါတယ်။ အခုထက်ထိတော့ အဲဒီလို မီးလောင်တဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပေမယ့် ထိခိုက်ဒဏ်ရာ ရသူတော့ မရှိသေးကြောင်း သိရပါတယ်။

## ဟောင်းနွမ်းနေသော TAXI များအား အပ်နှံ၍ ကားအသစ်များ တင်သွင်းနိုင်

By APA

အိုမင်းဟောင်းနွမ်းနေသည့် တက္ကစီများအား အပ်နှံကာ ပြည်ပမှ အသစ် တင်သွင်းခွင့်ပြုရာတွင် လက်ရှိ ကားဟောင်းများကို အပ်နှံကာ အစားထိုး တင်သွင်းခွင့်ပြုသည့် မော်ဒယ်များအတိုင်း တင်သွင်းရန် ခွင့်ပြုပေးသွားမည်ဟု သိရှိရသည်။ လက်ရှိ ကားဟောင်းတွေကို လဲလှယ်ပေးတဲ့အခါ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၆ မော်ဒယ်အတွင်း ကားတွေ ပြန်တင်သွင်းခွင့်ပြုထားပြီး တက္ကစီတွေကိုလည်း ဒီအတိုင်းပဲ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၆ ခုနှစ် မော်ဒယ်အတွင်း ကားတွေ ပြန်တင်သွင်းခွင့်ပြုဖို့ ကနေဦး စီစဉ်ထားတယ်ဟု သိရှိရပြီး စတင်၍ လဲလှယ်ခွင့် ပြုမည့်အချိန်ကိုတော့ စီစဉ်နေဆဲဟု သိရှိရပါတယ်။

# Citicom Computer

## Managing Director ဒေါ်ခင်မြထွဋ်နှင့်

# သူမ၏ လုပ်ငန်းခွင်

Citicom Computer ဆိုင်အား 2003 ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဖွင့်လှစ်စဉ်က အရောင်းဝန်ထမ်း (၇) ဦးနှင့်စတင်တည်ထောင်ခဲ့သည်။ ယခုအခါ ဝန်ထမ်းပေါင်း (၅၀) ကျော်နှင့် ဆိုင်ခွဲ(၂) ခုအား ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။ Computer နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချရာတွင် Customer ၏ စိတ်ကျေနပ်မှုရရှိရန်အတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်။ ကျွန်မ၏ Company တွင် လုပ်ကိုင်နေသော ဝန်ထမ်းများအားလည်း လုပ်ငန်းအတွေ့အကြုံနှင့် အခြားသော ဗဟုသုတများ ရရှိစေရန်သင်ကြားပေးပါသည်။ Company တစ်ခု၏ အောင်မြင်မှုရရှိရန် အတော်အသင့် လွယ်ကူသော်လည်း ၎င်းအောင်မြင်မှုနေရာတွင် အချိန်အတော်ကြာ ရပ်တည်မှု ရရှိရန် ကြိုးစားရာတွင် အလွန်ခက်ခဲပါသည်။

### Profile



အစ်မနာမည်က ဒေါ်ခင်မြထွဋ်ပါ။ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်မှ (1993) ခုနှစ်တွင် B.com ဘွဲ့ကို ရရှိခဲ့ပါတယ်။ 1993 ခုနှစ် Geoeomp Myanmar Computer တွင် စတင် အလုပ်ဝင်ရောက် လုပ်ကိုင်ခဲ့ပါသည်။ ၎င်း Company တွင် Sales Manager ရာထူးဖြင့် ငါးနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်း Company မှ အရောင်းနှင့် ပတ်သတ်သော အတွေ့အကြုံများစွာ ရရှိခဲ့ပါသည်။ ယခု Citicom Computer တွင် Managing Director အဖြစ် တာဝန်ယူဆောင်ရွက်နေပါသည်။

### HR



နေ့စဉ် အလုပ်ချိန် အဝင်အထွက် မှတ်တမ်းများကို Finger Print ဖြင့် Record ပြုလုပ်ထားတယ်၊ Finger Print ဆိုတော့ အရင် Time Card တွေလို ဝန်းထမ်းအချင်းချင်း Card တွေ ဆွဲပေးတာမျိုးတွေ မဖြစ်တော့ဘူး။

### Security



ရုံးတွင်းရုံးပြင်တွင် CCTV ကင်မရာများ အပြည့်တပ်ဆင်ထားပါတယ်။ ဘာလို့လဲဆိုတော့ Customer တွေနဲ့ ဝန်ထမ်းတွေကို စောင့်ကြည့်ရ အဆင်ပြေလို့ပါ။ နေ့စဉ်အသုံပြုထားတဲ့ Record တွေ သိမ်းထားပါတယ်။

### Communication



PABX က တရုတ်အမျိုးအစားပဲ၊ သုံးလာတာတော့ ကြာပြီ အဓိက ဖုန်းလိုင်း ၃လိုင်း ကို လိုင်းခွဲများ ပြုလုပ်ပေးထားပြီး၊ Operator မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။ GSM ဖုန်းနှင့် CDMA ဖုန်းတွေကိုတော့ Manager တွေ အသုံးပြုကြသည်။

### Personal



ရုံးသုံးအနေနဲ့တော့ HP Notebook ကို အသုံးပြုပါတယ်။ နည်းပညာ အပေါ် အမြင်ကတော့ အမြဲ တိုးတက်ပြောင်းလဲနေတဲ့ 21 ရာစု နည်းပညာ တီထွင်ဆန်းသစ်မှုများကြောင့် အားရ ကျေနပ်မှု ရှိပါသည်။

### Productivity



Department တိုင်းတွင် Computing လုပ်ဆောင်ရန် brand အစုံမှ Desktop များ၊ Notebook များနှင့် Display များကို အသုံးပြုပါသည်။

### Accounting



Accounting အတွက် တခြားသော Software များအစား မိမိကုမ္ပဏီနှင့် လိုက်လျောညီထွေမှု ရှိနိုင်စေရန် လိုအပ်တဲ့ Software ကိုတော့ ပြည်တွင်း Software နည်းပညာ ကုမ္ပဏီတစ်ခုမှ ဝယ်ယူထားပါသည်။ မိမိတို့ လိုအပ်တဲ့ ပုံစံအတိုင်း စိတ်တိုင်းကျ ရေးထားတာကြောင့် မိမိတို့လုပ်ငန်းအတွက် ပိုမို အဆင်ပြေ ချောမွေ့စွာ လုပ်ဆောင်နိုင်ပါသည်။

### Backup



ရုံးတွင်းပိုင်း Data တွေကို ထိန်းသိမ်းဖို့ Windows Server 2008 ထောင်ထားတယ်၊ Window Server သုံးထားပြီး Service နဲ့ ပတ်သက်တဲ့ Software တွေကိုလည်း အဲဒီ Server ထဲမှာပဲ သိမ်းထားတယ်၊ လုပ်ငန်းရဲ့အရေးကြီးတဲ့ Data တွေကိုလည်း Server ထဲမှာ ထားပြီး Data Backup ပြုလုပ်မှုကို Auto Backup System များ အသုံးပြုပြီး လုပ်ဆောင်စေပါသည်။

ဒီတစ်ပတ်အတွက် WORKPLACE ကဏ္ဍမှာ ဖြေကြားသွားသူက Citicom Computer မှ Managing Director ဒေါ်ခင်မြထွဋ် ဖြစ်ပါတယ်။
တိုးတက်နေတဲ့ ခေတ်ကြီးမှာ ကျွန်တော်တို့ အိုင်စီတီ ဝိုင်းတော်သားများကို သင်၏ ရုံးလုပ်ငန်း အကြောင်းဖြစ်စေ၊ သင်အသုံးပြုနေသည့် နည်းပညာအကြောင်းဖြစ်စေ အားလုံးအတွက် မျှဝေလိုပါလျှင်

အိုင်စီတီ ဝိုင်းတော်သားများ
ဖုန်း ၀၉၄၂-၀၀၀၅-၄၅၃ (သို့မဟုတ်) team@myanmarict.com သို့ ဆက်သွယ်လို့ ရပါသည် ခင်ဗျာ။






# BATTLESHIP

By NAL



Starring – Taylor Kitsch, Brooklyn Decker, Liam Nesson, Rihanna

Release Date – May 18th, 2012

May လအတွင်း North America နှင့် နိုင်ငံတကာမှာ စတင်ပြသမဲ့ Science Fiction နှင့် Action ရုပ်ရှင်ဇာတ်ကားဖြစ်တဲ့ Battleship ဟာ The Rundown နှင့် Hancock တို့လို နာမည်ကြီး Action ရုပ်ရှင်များရဲ့ Director ဖြစ်တဲ့ Director Peter Berg ရိုက်ကူးတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး Transformers franchise ရဲ့ ပိုင်ရှင် Hasbro နှင့် distributor ဖြစ်တဲ့ Universal Pictures တို့ကပဲ ဖြန့်ချီလိုက်တဲ့ ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။ အရင်းအနှီးများများ၊ Visual Effects များများနှင့် ရိုက်ကူးထားတဲ့ ရုပ်ရှင်အများစုဟာ ပရိသတ်အနိုင်အမာ ရှိပြီးသား နာမည်ကျော် Novel ဇာတ်လမ်း သို့မဟုတ် Comic Book ဇာတ်လမ်းတွေကို မှီငြမ်းရိုက်ကူးလေ့ရှိတတ်ပါတယ်။ ဒါပေမဲ့ Battleship ရုပ်ရှင်ဇာတ်ကားကတော့ အရုပ်အဖြစ် စတင်ထွက်ရှိခဲ့ပြီးနောက်ပိုင်း Cartoon series တွေ ရုပ်ရှင်တွေ ထွက်ရှိလာတဲ့ Transformers series လိုမျိုးပဲ ကစားစရာတစ်မျိုးကနေ စတင်ပေါက်ဖွားလာတာပါ။ ဒါပေမဲ့ Hasbro နှင့် Universal Pictures ကပဲ ဖြန့်ချီတဲ့ Battleship က Transformers လို စက်ရုပ်တွေကို ပုံစံပြောင်းကစားရတဲ့ အရုပ်မဟုတ်ဘဲ Monopoly လိုမျိုး card board တွေ figures တွေနှင့် ကစားရတဲ့ board game ကစားနည်းတစ်မျိုးကနေ စတင်လာတာဖြစ်ပါတယ်။ Battleship board game မှာတော့ သာမန် Battleship အချင်းချင်း ရေကြောင်းတိုက်ပွဲ ဆင်ပုံကို နည်းဗျူဟာတွေနှင့် ကစားရတာဖြစ်ပေမဲ့ Battleship ရုပ်ရှင်မှာတော့ US.Navy ရေတပ်စစ်သားများနှင့် ဂြိုဟ်သားများတိုက်ပွဲဝင်ပုံကို ရှုစားရမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် Battleship video game ကိုလည်း First Person Shooter (FPS) နှင့် Real Time Strategy (RTS) ကစားနည်း နှစ်မျိုးရောစပ်ပြီး Xbox360, PSP, Wii, DS နှင့် 3DS ဂိမ်းစက်များ အတွက် ထုတ်လုပ်ဖြန့်ချီတော့မည် ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

John Carter ရုပ်ရှင်ဇာတ်ကားမှ မင်းသား Taylor Kitsch၊ Liam Neeson နှင့် အဆိုတော် Rihanna တို့ ပါဝင်သရုပ်ဆောင်ထားသည့် Battleship ရုပ်ရှင်ဇာတ်ကားကို Hawaiian ကျွန်းစုများနှင့် Peral Harbor တို့တွင် ရိုက်ကူးထားပြီး War of the Worlds နှင့် Battle L.A တို့ကဲ့သို့ alien invasion ရုပ်ရှင်များလို မဟုတ်ဘဲ လူသားများဘက်မှ အမြင်ကော ရန်သူဂြိုဟ်သားများဘက်မှ အမြင်ကိုပါ နှစ်ဘက်စလုံးမှ ရှုမြင်ရမည်ဖြစ်ကြောင်း Director Peter Berg က ပြောကြားခဲ့ပါတယ်။ ထို့အပြင် Battleship ရုပ်ရှင်ဇာတ်ကားအတွင်းရှိ ရေတပ်စစ်သားအချို့မှာ US.Navy မှ ရေတပ်သားအစစ်များဖြစ်ပြီး ၎င်းတို့မှ အခြားသရုပ်ဆောင်များကို US.Navy နှင့် ပတ်သက်သည့် အခေါ်အဝေါ်များ, နေပုံထိုင်ပုံ ဓလေ့များကို သင်ကြားပေးခဲ့ပြီး တိုက်ခိုက်ရေးကျွမ်းကျင်သည့် ရေတပ်စစ်သားများကလည်း Stuntsmen များအဖြစ် ဝင်ရောက်ကူညီခဲ့ပေးကြောင်း သိရှိရပါတယ်။

Battleship ရုပ်ရှင်ကို US Dollar သန်း 200 ကျော် အကုန်အကျခံ ရိုက်ကူးထားပြီး ကမ္ဘာကို ကျူးကျော်ဝင်ရောက်လာတဲ့ ဂြိုဟ်သားတွေရဲ့ Spaceship တွေနှင့် လူသားများဘက်မှ Battleship များရဲ့ တိုက်ပွဲကို အဓိက အသားပေးရိုက်ကူးထားရုံသာမက စက်ရုပ်များကဲ့သို့ Armor အထူးအဆန်းတွေ ဝတ်ဆင်ထားတဲ့ ဂြိုဟ်သားတွေနှင့် အနီးကပ်တိုက်ခိုက်ခန်းတွေ ပါဝင်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ရေပြင်ပေါ်မှ တိုက်ပွဲများသာမက မြေပြင်နှင့် ဝေဟင်တိုက်ပွဲများပါ ပါဝင်တဲ့အတွက် Independence Day တို့ Transformers တို့လို ဇာတ်လမ်း Storyline ထက် Action နှင့် Visual Effects ပိုင်း အသားပေးထားတာကို နှစ်သက်တဲ့ ပရိသတ်တွေကတော့ သေချာပေါက်သဘောကျဦးမှာပါ။ ပြီးတော့ Battleship ရုပ်ရှင်မှာ ကမ္ဘာကို ရောက်ရှိလာတဲ့ ဂြိုဟ်သားတပ်ဖွဲ့ဟာ 2005 ခုနှစ်မှာ ကမ္ဘာမှ အာကာသအတွင်းရှိ သက်ရှိများကို ဆက်သွယ်သည့် communication signal ကြောင့်ရောက်ရှိလာတဲ့ ရှေ့ပြေးတပ်ဖွဲ့ဖြစ်တာကြောင့် ယခု Battleship ရုပ်ရှင်အောင်မြင်တယ် ဆိုရင်တော့ နောက်ထပ်အဆက် Sequel ရုပ်ရှင်တွေ ထွက်ရှိလာဦးမှာပါ။

# Guilty Crown

By NAL




No. of Episodes – 22

Score – ★ ★ ★

Guilty Crown ဇာတ်လမ်းတွဲဟာ Animation quality အကောင်းစား ဇာတ်လမ်းတွေဖြစ်တဲ့ Ghost in the Shell: Stand Alone Complex နှင့် Eden of the East တို့လို animation series တွေရဲ့ Studio ဖြစ်တဲ့ Production I.G မှ ထုတ်လုပ်လိုက်တဲ့ Science Fiction နှင့် Action ဇာတ်လမ်းတွဲအသစ်ဖြစ်ပြီး 2011 October လမှ စတင်၍ အပတ်စဉ်ပြသခဲ့ရာ 2012 March လကုန်မှာတော့ အပိုင်း 22 မှာ ဇာတ်သိမ်းခဲ့ပါတယ်။ Character design ပိုင်းကိုတော့ နာမည်ကျော် designer ဖြစ်တဲ့ Redjuice က ရေးဆွဲပေးထားပြီး Guilty Crown ဇာတ်လမ်းတွဲအတွင်း အသုံးပြုထားတဲ့ သီချင်းများကို Black Rock Shooter အပါအဝင် လူကြိုက်များတဲ့ Hatsune Miku သီချင်းများကို ရေးသားဖူးတဲ့ Supercell အဖွဲ့မှ ရေးသား၊ သီဆိုပေးထားပါတယ်။ Guilty Crown ဇာတ်လမ်းထွက်ရှိပြီးနောက်မှာ Guilty Crown: Lost Christmas အမည်ရှိ PC Visual Novel video game ကတော့ 2012 July လအတွင်း ထွက်ရှိမှာပါ။

Guilty Crown ရဲ့ storyline ကို 2039 ခုနှစ်မှာ နေရာယူထားပြီး အာကာသအတွင်းမှ ကျရောက်လာတဲ့ ဥက္ကာပျံမှ တစ်ဆင့် ပြန့်နှံ့သွားတဲ့ Apocalypse Virus ကြောင့် Japan နိုင်ငံအတွင်းရှိ လူအမြောက်အမြားသေဆုံးရပုံနှင့် Japan နိုင်ငံအား ကယ်ဆယ်ရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ GHQ မှ နိုင်ငံအုပ်ချုပ်သူတာဝန် လွှဲပြောင်းယူထားပုံတို့နှင့် ဇာတ်လမ်းကို စတင်ထားပါတယ်။ အဓိက ဇာတ်ကောင်ဖြစ်တဲ့ Ouma Shu ကတော့ တရားမျှတမှု မရှိတဲ့ GHQ ကို တော်လှန်တဲ့ Undertakers အဖွဲ့ရဲ့ member ဝင်တစ်ယောက် အဖြစ်ပါဝင်ထားသလို Apocalypse Virus အစွမ်းဖြင့်တီထွင်ထားတဲ့ Void Genome ရဲ့အစွမ်းကြောင့် အခြားလူသားများကိုယ်အတွင်းမှ အတွင်းစိတ်ကိုကိုယ်စားပြုတဲ့ လက်နက်များကို ထုတ်လုပ်နိုင်တဲ့အစွမ်းကို ရရှိထားသူလည်းဖြစ်ပါတယ်။ ဇာတ်လမ်းနောက်ပိုင်းမှာ GHQ နှင့် Undertakers တို့ရဲ့ တိုက်ပွဲသာမက Apocalypse Virus ကိုစတင်ဖြန့်ချီသူများနှင့် အခြားရန်သူအသစ်များပါ ပါဝင်လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

Guilty Crown ဟာ production quality အရမ်းကောင်းတဲ့ ဇာတ်လမ်းတွဲဖြစ်ပေမဲ့ storyline နှင့် pacing ပိုင်းကတော့ GC နှင့်ပုံစံအနည်းငယ်ဆင်တူတဲ့ Code Geass လောက်အားရဖို့မကောင်းတာတွေ့ရမှာပါ။ ဇာတ်လမ်းအလယ်ပိုင်းလောက်မှာ ကြည့်လို့အတော်လေးကောင်းလာပေမဲ့ ဇာတ်သိမ်းပိုင်း episode တွေနည်းနည်းပေါ့ပြီး အလောတကြီးဇာတ်သိမ်းသွားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ Guilty Crown မှာ အဓိက စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်နှစ်ချက်ကတော့ animation quality နှင့် character design ပိုင်းပဲဖြစ်ပါတယ်။ Action ခန်းတွေရဲ့ quality က အရမ်းကောင်းသလို Ouma Shu ရဲ့ Void အစွမ်းကြောင့် တိုက်ပွဲတစ်ပွဲနှင့် တစ်ပွဲမတူညီတဲ့ တိုက်ခိုက်ပုံတွေ လက်နက်တွေ အသုံးပြုသွားတာ ကြည့်လို့ကောင်းပြီး Inori နှင့် Ayase တို့လိုဇာတ်ကောင်တွေရဲ့ character design ပိုင်းကော အဝတ်အစား costume design ပိုင်းပါ ကောင်းမွန်တာ တွေ့ရှိရမှာပါ။ အနာဂတ်မှာ မိုလို့လူသားများမောင်းနှင်တဲ့ mecha စက်ရုပ်တွေ ပါဝင်ပေမဲ့လည်း၊ mecha တိုက်ပွဲများထက် လက်နက်များဖြင့် တိုက်ခိုက်တဲ့ action sequence များကို ပိုမိုအသားပေးထားတာ တွေ့ရှိရမှာပါ။ Guilty Crown ဇာတ်လမ်းတွဲဟာ animation quality ကောင်းကောင်း action ခန်းကောင်းကောင်း နှစ်သက်သူများနှင့် သင့်တော်တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး Funimation Entertainment ရဲ့ online streaming website မှာ ဝင်ရောက် ကြည့်ရှုနိုင်ပါတယ်။




# Tom Clancy's Ghost Recon Future Soldier: Preview

Series အလိုက် ထွက်တဲ့ ဂိမ်းတွေတော်တော်များများ ရှိပါတယ်။ အဲ့ဒီလို ဂိမ်းတွေကို လက်ခံတဲ့၊ ကြိုက်နှစ်သက်တဲ့ သူတွေကြောင့် 1 ပြီးရင် 2 ဆက်ထုတ်ကြတာပါ။ အခု Tom Clancy's Ghost Recon ဂိမ်း Series ဟာ စုစုပေါင်း ၈ ခုကျော်လောက် ထွက်ရှိခဲ့ပြီးပါပြီ။ ဒီနှစ်တော့ Future Soldier's ဆိုပြီး May 22 မှာ စတင်ဖြန့်ချီတော့မှာ ဖြစ်ပါတယ်။ Platform အကုန်လုံးမှာ ဆော့ကစားနိုင်မဲ့ ဂိမ်းတစ်ခုပါ။ ဒါပေမဲ့ သူ့ Platform အလိုက် ဖြန့်ချီမဲ့ ရက်တွေကို သတ်မှတ်ထားပါတယ်။ Publisher: Ubisoft နဲ့ Developer: Ubisoft Paris တို့က တင်ဆက်လိုက်တဲ့ ဒီ Future Soldier's ကို အသက်သွင်းပေးလိုက်တဲ့ သူက Richard Dansky ဖြစ်ပါတယ်။ Game တစ်ခု ဖြစ်ဖို့အတွက် စာရေးဆရာတွေ၊ animation သမားတွေ၊ နောက်ခံတီးလုံးသမားတွေ ထုတ်လုပ်သူတွေ အားလုံးကောင်းမှ Game ကောင်း တစ်ခု ရရှိမှာဖြစ်ပါတယ်။ အရေးကြီးဆုံးက အားလုံးကောင်းပြီဆိုရင် Graphic ကောင်းဖို့လဲ လိုအပ်ပါတယ်။ ဒီ Future Soldier's ဂိမ်းရဲ့Graphic က YETI graphic engine ကို သုံးထားပါတယ်။ စစ်သားတစ်ယောက် ရဲ့အပြင်အဆင်တွေကို ဂိမ်းထဲမှာ အပြည့်အဝ မြင်တွေ့ရမှာဖြစ်ပြီး အနာဂတ်မှာ ဘယ်လို လက်နက်တွေ အသုံးပြုပြီး ဘယ်လို ခေတ်မီ စစ်ပွဲတွေ ဖြစ်ပွားမလဲ ဆိုတာကို တွေ့မြင်နိုင်မဲ့ Third-Person Shooter ဂိမ်း ဖြစ်ပါတယ်။

Future Soldier ဆိုတဲ့ အတိုင်း အနာဂတ်ရဲ့ စစ်သည်တွေဖြစ်တဲ့အတွက် လက်နက် အသစ်အဆန်းမြောက်များစွာနဲ့ equipment အသစ်အဆန်းတွေကို ပိုင်ဆိုင်ပြီး တိုက်ခိုက်ရမဲ့ ဂိမ်းထဲမှာပါတဲ့ စစ်သားတွေက ဒီနေ့ခေတ် Nato စစ်သားတွေထက် သာပါတယ်။ စစ်မြေပြင် ပေါ်ရောက်တာနဲ့ ရန်သူက သင်နဲ့ အနီးစပ်ဆုံး ဖြစ်လာပါပြီ။ Mission တွေကို အောင်မြင်စွာ တိုက်နိုင်မှ နောက် Mission တွေကို ရောက်ရှိမှာ ဖြစ်ပါတယ်။ အရင် ဂိမ်းတွေတုန်းကလို Mission အသေးစားတွေ နည်းပေမဲ့ အခု FS မှာတော့ တကယ့်တိုက်ပွဲမှာ ကြုံတွေ့ရမဲ့ mission တွေ များလာပါတယ်။ Third-Person Shooter ဂိမ်းအမျိုးအစားဖြစ်ပေမဲ့ camera ကို Frist-Person Shooter အဖြစ် ပြောင်းလဲ ဆော့ကစားနိုင်ပါတယ်။ Game mode က single player အပြင် co-op နဲ့ Multi-player အဖြစ် ကစားနိုင်ပါတယ်။ အဖွဲ့လိုက် ရန်သူတွေကို ချေမှုန်းတိုက်ခိုက်နိုင်မဲ့ အပြင် မိမိရဲ့ပြိုင်ဘက်အနေနဲ့လဲ ဆော့ကစားနိုင်မှာ ဖြစ်ပါတယ်။ အတိုက်အခိုက်နဲ့ စစ်ပွဲတွေကို သဘောကျနှစ်သက်တဲ့ gamer တွေအတွက်ကတော့ မေလထဲမှာ ကစားနိုင်မဲ့ ဂိမ်းကောင်းတစ်ခု ဖြစ်ပါတယ် ။

နောင်အနာဂတ်မှာ ကမ္ဘာကို ဖျက်စီးမဲ့ အဖွဲ့အစည်းတွေ၊ ဇီဝလက်နက်တွေကို ထုတ်လုပ်နေတဲ့ ရန်သူတွေကို ချေမှုန်းရမဲ့ Ghost Recon အဖွဲ့ရဲ့အဖွဲ့သား၊ စစ်သားတစ်ယောက်အနေနဲ့ ပါဝင် ကစားရမှာ ဖြစ်ပါတယ်။ သင်ရဲ့စစ်ဆင်ရေး ဆင်းရမဲ့ နိုင်ငံတွေကတော့ Russia၊ Pakistan၊ Nigeria၊ Norway နိုင်ငံတွေ ဖြစ်ပါတယ်။ သင်က တိုက်ပွဲမှာ ဆော့ကစားရမှာဖြစ်တဲ့ အတွက် သင့်ရဲ့တပ်ဖွဲ့တစ်ခု သင်နဲ့အတူ လိုက်ပါ တိုက်ခိုက်နေမှာဖြစ်ပါတယ်။ Mission တစ်ခုမှာ ပေးထားတဲ့ command တွေကို မှန်ကန်တိကျစွာ လိုက်နာရင်း လက်နက် အဆန်းတွေကို ကိုင်တွယ် ဆော့ကစားနိုင်မှာ ဖြစ်ပါတယ်။ သင့်ကို အစ ကစားတည်းက equipment အပြည့်အစုံပေးထားမှာဖြစ်ပြီး သူ့ mission နဲ့သူ လက်နက်တွေ ရွေးနိုင်မှာဖြစ်ပါတယ်။ သင်ရဲ့စစ်သားက ကိုယ်ပျောက်ပြီး ရန်သူတွေကို အနီးကပ် ချေမှုန်းနိုင်မှာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ zone တွေမှာ ဆော့ရမှာဖြစ်ပြီး အဲ့ဒီ zone အတွင်းမှာ တိုက်ပွဲဖြစ်နေပြီဆိုရင် တစ်ခြားနေရာ ရောက်နေတဲ့ သင့်ရဲ့တပ်ဖွဲ့တွေကိုပါ စစ်ကူတောင်းပြီး ဖိတိုက်လို့ရပါသေးတယ်။ အနာဂတ်ရဲ့ စစ်သားတွေဖြစ်တဲ့အတွက် ကြုံတွေ့ရမဲ့ ရန်သူတွေကလဲ ခေသူတွေ မဟုတ်ပါဘူး။ ရန်သူတွေရဲ့လက်နက်တွေကလဲ ဆန်းပြားလှပါတယ်။ ဒါကြောင့် အနာဂတ်ရဲ့စစ်ပွဲတွေကို သင်ကိုယ်တိုင် တိုက်ခိုက်ရမဲ့ Future soldier ဂိမ်းဟာ တခြားဂိမ်းတွေထက် ဘာတွေသာမလဲဆိုတာ စောင့်ကြည့် ဆော့ကစားကြရအောင် preview သတင်းလေးပါးလိုက်ပါတယ်။



## ထွက်ရှိလာတော့မည့် Halo 4



Xbox 360 တစ်မျိုးထည်းမှာ ကစားလို့ ရနိုင်တဲ့ Halo series တွေဟာ ယခုဆိုရင် Halo 4 ဟာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှာ စတင်ဖြန့်ချီမှာ ဖြစ်ပါတယ်။ အရင် Halo တွေနှင့် မတူတဲ့ မြင်ကွင်းတွေ၊ ကစားရတဲ့ ပုံတွေ၊ ဇာတ်လမ်းတွေ၊ ရန်သူအသစ်တွေကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ First-Person Shooter Game အမျိုးအစားဖြစ်ပြီး Microsoft Game Studios မှ ဖြန့်ချီကာ 343 Industries မှ ရေးဆွဲထားတဲ့ Game လည်း ဖြစ်တယ်။

## 3DS အတွက် Mario Paper



Nintendo 3DS မှာ Mario Game တွေဟာ အဆက်မပျက် ထွက်ရှိနေပါတယ်။ ယခုလည်း အရင် Mario Game တွေနှင့် မတူညီပဲ RPG ပုံစံ ကောင်းကောင်းဖြင့် တွေ့ရှိရမှာ ဖြစ်ပါတယ်။ Mario Paper ကို ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ Nintendo ကုမ္ပဏီမှ ဖြန့်ချီမှာ ဖြစ်ပြီး Nitendo မှပဲ ထို Game ကို ရေးဆွဲပေးမှာ ဖြစ်ပါတယ်။

## Wii U အတွက် ထွက်လာမည့် Darksiders II

Wii U အတွက် ဂိမ်းကောင်းကောင်း ထွက်ရှိမှု နည်းပါးနေချိန်တွင် Darksiders II ထွက်ရှိလာပြီ ဖြစ်ပါတယ်။ Wii U တွင်သာမကပဲ PC, Xbox 360 တွင်လည်း ထွက်ရှိမှာ ဖြစ်ပါတယ်။ God of War လို Game Play မျိုး ကစားရမှာ ဖြစ်ပြီး Activation မှ ၂၀၁၂ ခုနှစ် မေလ ၁၅ ရက်နေ့မှာ စတင်ဖြန့်ချီမှာ ဖြစ်ပါတယ်။



## 3DS မှာ ကစားရမည့် Man in Black: Alien Crisis




မထွက်တာ ကြာပြီဖြစ်တဲ့ Man in Black ဟာ ၂၀၁၂ ခုနှစ် မေလ ၂၀ရက်နေ့မှာ စတင်၍ ဖြန့်ချီတော့မှာဖြစ်ပြီး 3DS တစ်ခုတည်းမှာသာ ထုတ်လုပ်မှာ ဖြစ်ပါတယ်။ ဒီဂိမ်းကို Activation မှ ထုတ်လုပ်မှာ ဖြစ်ပြီး Fun Club မှ ရေးဆွဲထားတာ ဖြစ်ပါတယ်။ Alien တွေ ကမ္ဘာကို ဖျက်ဆီးမည့် အခြေနေကို စွန့်စား ကာကွယ်ရမည့် ဂိမ်း ဖြစ်ပါတယ်။

## အရှုံးပေါ်နေသည့် Nitendo




ဂျပန်အခြေဆိုက် ဂိမ်းကုမ္ပဏီတစ်ခုဖြစ်တဲ့ Nitendo ဟာ ၂၀၁၁ ဧပြီလ မှ ၂၀၁၂ မတ်လအထိ စာရင်းများအရ ဒေါ်လာ သန်း ၅၃၀ အရှုံးပေါ်ခဲ့သည်ဟု သိရှိရပါတယ်။ ထိုဖြစ်ပေါ်ခဲ့သော အရှုံးမှာ Nitendo ကုမ္ပဏီ၏ ပထမဦးဆုံးအကြိမ် ငွေ အမြောက်အများ အရှုံးပေါ်ခြင်းဖြစ်တယ်။ Nitendo ကုမ္ပဏီ၏ ထုတ်ပြန်ချက်များအရ ၎င်းတို့၏ အရှုံးငွေ ဖြစ်ပေါ်ရခြင်းမှာ ၎င်းတို့မှ ထုတ်လုပ်သော DS (Family), 3DS, Wii တို့၏ တစ်ကမ္ဘာလုံးရောင်းအားသည် ယခင်ထက် ၂၅% လျော့ကျသွားခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် လာမည့် ၂၀၁၂ ခုနှစ် ဩဂုတ်လ မှာ Nintendo ရဲ့ Icon ဖြစ်တဲ့ Mario ကို RPG ပုံစံဖြင့် Mario Paper, Super Mario Bros. နှင့် Animal Crossing, a new Brain Age series အစရှိတဲ့ ဂိမ်းတွေနှင့်အတူ ပရိတ်သတ်တွေကို ပြန်လည် အကြိုက်တွေ့စေရန် ကြိုးပမ်းနေကြောင်း သိရှိရသည်။

Ref: IGN

## Angry Birds Space အတွက် အခန်း အသစ်များ




အသစ်ထွက်ရှိခဲ့တဲ့ Angry Birds Space ဟာ အခုဆိုရင် ကစားလို့ ပြီးသွားတဲ့ လူတော်တော် များလာပြီ ဖြစ်ပါတယ်။ ကစားလို့ပြီးသွားတဲ့ လူတွေအတွက် Level အသစ် ဆယ်ခုကို စတင် Update ပြုလုပ်ပြီး ကစားနိုင်နေပါပြီ။ PC နှင့် Android တွေမှာ စတင် Update ပြုလုပ်နိုင်ပြီး iOS မှာတော့ စောင့်ရအုံးမှာ ဖြစ်ပါတယ်။

## ထုတ်လုပ်မည့်နေ့ကို ကြေညာလိုက်တဲ့ Dragon Quest X




Dragon Quest X ဟာ Wii Platform တစ်ခုတည်းမှာသာ ကစားရမည့် Game ဖြစ်ပါတယ်။ Dragon Quest X ဟာဆိုရင် Wii ပရိတ်သတ်တွေ စောင့်မျှော်နေသည့် RPG Game တစ်ခုဖြစ်ပြီး ၂၀၁၁ခုနှစ် မေလ ကတည်းက ဖြန့်ချီမည်ဟု ကြေညာခဲ့သော်လည်း အခက်ခဲများကြောင့် နောက်ဆုတ်ခဲ့ရသော Game တစ်ခုဖြစ်သည်။ အခုချိန်မှာတော့ ၂၀၁၂ခုနှစ် ဩဂုတ်လ ၂ ရက်နေ့မှာ ထုတ်ဝေမည်ဟု Square Enix မှ ကြေညာခဲ့သည်။ ကနေဦး အနေဖြင့် Japan Version ဖြင့် ထုတ်ဝေမှာ ဖြစ်ပြီး နောက်ပိုင်းမှသာ English Version ဖြင့် ထုတ်ဝေမှာ ဖြစ်ပါတယ်။


# အသစ်ထွက်ရှိလာမည့် Game များ

## Mech Warrior




Online Game တွေ ခေတ်စားနေချိန်မှာ စောင့်ကြည့်ရမည့် Online Game အသစ်တစ်ခုဖြစ်တဲ့ Mech Warrior ဟာ ၂၀၁၂ ခုနှစ် ဖွန်လ ၃၀ ရက်နေ့မှာ Infinite Game Publishing ကနေ စတင်ဖြန့်ချီမှာ ဖြစ်ပါတယ်။ Piranha Games / Smith & Tinker တို့မှ ရေးဆွဲထားပြီး PC နှင့် Xbox 360 တို့တွင် ၃၀၄၉ ခုနှစ်မှာ စက်ရုပ်တွေကို စိတ်ကြိုက် လက်နက်တွေ ဆင်ပြီး အခြား Online Player တွေနှင့် ကစားရမည့် Action Game အမျိုးအစား ဖြစ်ပါတယ်။

## NeverWinter



Online Game တစ်ခုဖြစ်ပြီး World of Warcraft လို RPG Game ကစားရမှာ ဖြစ်ပါတယ်။ PC တစ်မျိုးထည်းတွင်သာ ကစားနိုင်ပြီး Atari မှ ဖြန့်ချီမှာ ဖြစ်ပါတယ်။ ကောင်းမွန်လှတဲ့ မြင်ကွင်းတွေနှင့် Game Play တွေကို Cryptic Studios မှ ရေးဆွဲပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ၃၁ ရက်နေ့မှာ စတင်ဖြန့်ချီမှာ ဖြစ်ပါတယ်။ ကောင်းမွန်လှတဲ့ ရုပ်ထွက်ကို THQ မှ ရေးဆွဲထားတာ ဖြစ်ပါတယ်။

## Dishonored



Dishonored ဟာ စိတ်ဝင်စားစရာ Puzzle တွေနှင့် စွန့်စားခန်းတွေကို ကစားရမည့် First person Action Game တစ်ခု ဖြစ်ပါတယ်။ Bethesda Softworks မှ ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့မှာ စတင်ဖြန့်ချီမှာ ဖြစ်ပါတယ်။ ဒီဂိမ်းရဲ့ဆွဲဆောင်နိုင်တဲ့ မြင်ကွင်းတွေနှင့် လှုပ်ရှားမှုပုံစံတွေကို Arkane Studios ၂၀၁၂ ခုနှစ် ဒီဇင်ဘာ၃၁ ရက်နေ့မှာ စတင်ဖြန့်ချီမှာ ဖြစ်ပါတယ်။ PC တစ်မျိုးတည်းမှာသာ ကစားလို့ရမှာ ဖြစ်တယ်။

## The Walking Dead: The Game

ရုပ်ရှင်ကတည်းက အောင်မြင်ခဲ့တဲ့ Walking Dead ဟာ ယခုဆိုရင် Game အဖြစ် ထွက်ရှိလာမှာ ဖြစ်ပါတယ်။ Zombie တွေ လက်မှ မိမိအသက်ရှင်ဖို့ အတွက် လွှတ်မြောက်အောင် ပြုလုပ်ရတဲ့ Game တစ်ခု ဖြစ်ပါတယ်။ Game play ပုံစံကတော့ Adventure ပုံစံဖြစ်ပြီး Telltale Games မှ ရေးဆွဲကာ Telltale Games မှပဲ ၂၀၁၂ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် ထုတ်လုပ်မှာ ဖြစ်ပါတယ်။ PS3, Xbox 360, Wii, PC အစရှိတဲ့ Game Platform အစုံမှာကစားရမှာ ဖြစ်ပါတယ်။

## Game စက်နှင့် အခြား ဆက်စပ်ပစ္စည်း ဈေးနှုန်းများ

| Consoles | Price (KYAT) |
|---|---|
| PS 3 (160 GB) | 400,000 |
| PS 3 (320 GB) | 450,000 |
| Xbox 360 (250 GB) | 500,000 |
| Wii (new version) | 380,000 |
| PS 2 (Made in Singapore) | 110,000 |
| Nintendo NDS (lite) | 160,000 |
| Nintendo NDS (i) | 250,000 |
| PSP (Model . 2000/300) | 300,000 |
| PSP (Model. 1000) | 135,000 |
| PSP (Model Go) | 240,000 |
| Game Boy ( Built in 360 000) | 90,000 |

အထက်ပါဈေးနှုန်းများမှာ ကိုဘီနီး (Sony Game) မှ ဈေးနှုန်းများ ဖြစ်ပြီး ဝယ်ယူလိုပါက အမှတ် (၂၅၉)၊ ဘားလမ်း (အထက်ဘလောက်)၊ ဖုန်း-၂၅၆၄၁၇ တွင် ဝယ်ယူနိုင်သည်။

# Google Drive (သို့) Google ၏ လက်နက်သစ်



လုပ်ဆောင်ခဲ့တာ ကြာပြီလို့ ဆိုနိုင်ပြီး ယခင်ကာလာများတည်းက ကောလာဟာလသဖွယ် သတင်းများ ပေါ် ထွက်ခဲ့တဲ့ Google Drive ဟာ အခုတော့ အမှန်တစ်ကယ် ထွက်ပေါ်လာပြီ ဖြစ်ပါတယ်။ တစ်ကယ်တော့ Google အနေနဲ့ သူ့ရဲ့ Cloud Storage ဝန်ဆောင်မှု တစ်ခု ဖြစ်တဲ့ ဒီ Google Drive ကို ဖန်တီးခဲ့ရတာ၊ ကြံဆခဲ့ရတာ ကြာမြင့်ခဲ့တဲ့အတွက် အသုံးပြုသူတွေအနေနဲ့ စိတ်မရှည်နိုင်စရာ Google Drive မှာ ဘာတွေပါလဲ ဆိုတာကို လေ့လာဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ ပြောရရင်တော့ ဒီ Google Drive ဟာ မိမိတို့ရဲ့ Dropbox account ကိုပဲ ဖျက်ပြစ်ရလောက်အောင်ပဲ ကောင်းမလား (သို့) account ဖွင့်တာနဲ့တန်အောင် ဝန်ဆောင်မှုတွေ ကောင်းမလား ကြည့်ကြရအောင်။

## Features



တစ်ကယ်တော့ Cloud Storage ကို လူအများမှ Dropbox၊ SkyDrive နဲ့ iCloud အစရှိတာတွေနဲ့ ရင်နှီးခဲ့ပြီး ဖြစ်ပါတယ်။ ထို third-party application တွေကလည်း ပြောရရင် လစ်ဟင်းချက်တွေ မရှိရအောင် ဖြည့်စွမ်းထားပြီးဖြစ်ပြီး PC မှာသာမက Tablet နဲ့ mobile တွေမှာပါ ရရှိအောင် စွမ်းဆောင်ထားနိုင်ကြပါတယ်။

အဲဒီအတွက် Google ကလည်း ရှိနှင့်ပြီးသား Cloud Storage တွေရဲ့ ဝန်ဆောင်မှုတွေနဲ့ မတူရလေအောင် ကြိုးပမ်းတဲ့အနေနဲ့ Google Drive အတွင်း Google Docs နဲ့ ချိတ်ဆက် အသုံးပြုနိုင်အောင် စီမံလိုက်ပါတော့တယ်။

အမှန်အားဖြင့် Google ဟာ ဒီကိစ္စကို ကြံရွယ်ခဲ့တာ ကြမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ အွန်လိုင်းပေါ်မှာ နေ့စဉ်နှင့်အမျှ အသုံးပြုနေရမယ့် Google Docs လိုဟာမျိုးကို Sharing နှင့် အခြား Developing feature တွေကို ထည့်သွင်းပေးထားပါတယ်။ ဒါပေမယ့်လည်း သတိထားရမယ့် အချက်ကတော့ Google ရဲ့ အကျင့်ပါ။ ၎င်းတို့ဟာ စစလုပ်ချင်း feature တွေကို အသုံးပြုများလာတာနဲ့ နောက်ပိုင်း တစ်ဖြည်းဖြည်း ပြောင်းလဲသွားခြင်းပဲ ဖြစ်ပြီး အသုံးပြုရ လုံးဝ မတူညီတော့တာပါပဲ။


Storage အနေနဲ့ကတော့ Google Drive အတွင်း 5GB အထိ သိုမှီးပမာဏကို အခမဲ့ပေးထားပြီး 25 GB ယူမယ်ဆိုရင်တော့ တစ်လကို ၂.၄၉ ဒေါ်လာ ပေးရမည် ဖြစ်ပြီး 100 GB ကို တစ်လ ၅ ဒေါ်လာနှင့် Terabyte ပမာဏကို ယူမယ်ဆိုရင်တော့ ၁ လလျှင် ဒေါ်လာ ၅၀ ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ထူးထူးခြားခြားကတော့ အဆိုပါ Storage ပမာဏတွေကို မိမိရဲ့ Gmail Storage ပမာဏနဲ့လည်း ချိတ်ဆက် အသုံးပြုသွားနိုင်ခြင်းပါပဲ။

ထို့ပြင် Goolge Drive ရဲ့ ချီးကျူးစရာအချက်တစ်ခု ကတော့ Store လုပ်မယ့် file type တွေကို ကန့်သတ်ထားခြင်း မရှိတာပါပဲ။ အဲဒီအတွက် သင့်အနေနဲ့ .mov file မှ ရိုးရိုး docs ကို သိမ်းဆည်းသွားနိုင်ပြီး apk များကိုပင် ထားရှိသွားနိုင်ကြောင်း သိရပါတယ်။ ထို့ပြင် အဆိုပါ file များကို လွယ်ကူစွာ Download ရယူသွားနိုင်ပြီး ဒီလိုမျိုး file များကို Storage ပြုလုပ်ခြင်းတွင် တစ်ခုတည်းသော ကန့်သတ်ထားချက်မှာ Storage လုပ်သော file များဟာ 10 GB မကျော်ရဘူး ဆိုတာပါပဲ။

Google Drive ရဲ့ Feature ကတော့ လောလောဆယ် အချိန်မှာ ဒီလောက်ပဲ ရှိပါသေးတယ်။ အခုအချိန်မှာ Google ဟာ သူ့ရဲ့ နောက်ဆုံးထုတ် ဝန်ဆောင်မှုကို ရိုးရိုးရှင်းရှင်းသာ ပြုလုပ်ရန် ဆန္ဒရှိနေပုံပေါ်ပြီး အသုံးပြုရ မြန်ဆန်ရေးနှင့် file အတင်အချ transfer အပြုအလုပ် ချောမွေ့ရေးကိုသာ အဓိကပြုလုပ်ထားပါတယ်။

## SDK

Google ဟာ ဒီလိုမျိုး ဝန်ဆောင်မှု အသစ်ကို စတင်လိုက်ချိန်မှာ ၎င်းရဲ့ Developer များကို ချန်မထားခဲ့ပါဘူး။ လက်ရှိ အချိန်မှာ Chrome Web Store အတွင်းရှိ application ပေါင်း ၁၈ ခုဟာ Google Drive Integration ကို ပြုလုပ်ပေးထားပြီး အဆိုပါ SDK တွေကိုလည်း လူအများမှ ၎င်းတို့၏ website များအတွင်း အလွယ်ပေါင်းစပ် အသုံးပြုသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါဆိုရင် Google




Drive Integration ပါဝင်တဲ့ application အချို့ရဲ့ features ကို ကြည့်ရအောင်။

ပထမဆုံး ရရှိတာကတော့ MindMeiser ဖြစ်ပါတယ်။ ၎င်းဟာ brain mapping application တစ်ခုဖြစ်ပြီး ယခုအချိန်တွင်တော့ Google Drive ရှိ map များကို လိုအပ်သလို Share ပြုလုပ်နိုင်၊ Edit နှင့် View လည်း ပြုလုပ်နိုင်ပြီ ဖြစ်ပါတယ်။

နောက်ထပ် ရရှိတာကတော့ Hello Fax ဖြစ်ပါတယ်။ ၎င်းဟာ မိမိရဲ့ docs များကို fax ပို့နိုင်သော application တစ်ခုဖြစ်ပြီး ထူးခြားတာကတော့ Drive အတွင်း Fax အဝင်၊ အထွက်များအားလုံးကို သိမ်းဆည်းထားနိုင်ဖို့ Folder တစ်ခုပင် ဆောက်ထားလို့ ရနိုင်တာပါပဲ။

LuLu ရဲ့ Web Application ကတော့ ၎င်းတို့ရဲ့ docs တွေကို Drive အတွင်း သိမ်းဆည်းသွားနိုင်ပါတယ်။ Aviary photo editor ကတော့ မိမိရဲ့ ဓါတ်ပုံတွေ၊ image တွေကို Drive အတွင်း edit ပြုလုပ်သွားနိုင်မှာဖြစ်ပြီး version အသစ်ဖြင့်လည်း ပြန်လည် save ပြုလုပ်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့အနေနဲ့ အပေါ်ယံသာ သိရှိရသေးခြင်းပဲ ဖြစ်ပါတယ်။ နောက်ထပ် Google အနေနဲ့ ဘယ်လိုမျိုး Web Application တွေကို Drive Integration ပြုလုပ်မယ်ဆိုတာကိုတော့ စောင့်ကြည့်ရမယ့် အနေအထားဖြစ်ပါတယ်။

## Browser Interface




သင့်အနေနဲ့ Google Docs ကို အသုံးပြုဖူးတယ်ဆိုရင်တော့ Google Drive ရဲ့ Interface နဲ့ စိမ်းနေမှာ မဟုတ်ပါဘူး။ ပြောရရင် Drive ရဲ့ သွင်ပြင်ဟာ Google ရဲ့ uniform ပုံစံလိုဖြစ်နေတဲ့ Browser Interface ပုံစံအတိုင်းပဲဖြစ်ပြီး Gmail နှင့်ပင် အလားသဏ္ဍာန် တူညီတယ်လို့တောင် ပြောလို့ရနိုင်ပါတယ်။

Drive ရဲ့ Interface အတွင်း ထူးထူးခြားခြား ပါဝင်လာတာကတော့ Search များ ပါဝင်ခြင်း၊ Filter များ ပါဝင်ခြင်း နှင့် file type အလိုက် function များ ပါဝင်ခြင်းတို့ပဲ ဖြစ်ပါတယ်။ သို့အတွက် မိမိအနေနဲ့ upload တင်ထားတဲ့ file များအလိုက် tab များနှင့် feature များကို စမ်းသပ် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

နောက်ထပ် Drive အတွင်း ပြုလုပ်ထားတဲ့ အချက်ကတော့ Sharing ဖြစ်ပါတယ်။ Sharing ဆိုတဲ့ အတွက် Google ရဲ့ Google + အတွင်း Post တင်တဲ့ အချိန်မှာ ဓါတ်ပုံကို Attach ပြုလုပ်ချင်ပါက Drive အတွင်းမှ မိမိ upload တင်ထားပြီးသား ပုံများကို ဆွဲယူနိုင်ပြီး နောက်ပိုင်းတွင်လည်း Google + အတွင်း Drive Integration များ ထပ်မံ ပေါင်းထည့် ပေးသွားရန် ပြုလုပ်လျှက်ရှိကြောင်း ကုမ္ပဏီမှ ကြော်ငြာထားပါတယ်။

## Desktop Apps

Google ဟာ Google Drive ကို PC နှင့် Mac များပေါ်တွင် ပါအသုံးပြုလို့ ရရှိနိုင်ရန် application ဖန်တီးပေးထားပါတယ်။ အဆိုပါ application ဟာ



အခြား online storage များဖြစ်သော Dropbox တို့နှင့် အသုံးပြုရခြင်း တူညီမှာ ဖြစ်ပြီး Install ပြုလုပ်ရာမှာလည်း လွယ်ကူ လျှင်မြန်မှာ ဖြစ်ပါတယ်။

သင့်အနေနဲ့ Install ပြုလုပ်ပြီးပြီ ဆိုပါက Google Drive Icon တစ်ခုကို မိမိရဲ့ Desktop ပေါ်တွင် မြင်တွေ့သွားနိုင်မှာဖြစ်ပြီး အဆိုပါ Folder ဟာ သင့်ကို Google Drive နဲ့ ချိတ်ဆက်ပေးမှာပဲဖြစ်ပါတယ်။

Google ရဲ့ ကောင်းမွန်တဲ့အချက်ကတော့ အဆိုပါ Folder အတွင်း မိမိ သိမ်းဆည်းထားချင်တဲ့ file များ (မည်သည့် file type ကို မဆို) ကို drag and drop ပုံစံ ပြစ်ထည့် သွားနိုင်ပြီး ဒီအချက်ကလည်း file များကို Online Storage တစ်ခုအပေါ်သိမ်းဆည်းဖို့အတွက် အချိန်ကြာမြင့်စွာ upload ပြုလုပ်ခြင်း ရန်ကို ကင်းဝေးစေတာ အမှန်ပဲ ဖြစ်ပါတယ်။

## Android App

Google ဟာ Drive ကို Desktop application အနေနဲ့သာမကပဲ Android ပေါ်မှာလည်း နယ်ချဲ့ခဲ့ပါတယ်။ သင့်အနေနဲ့ ကိုယ့်ရဲ့ သီချင်းဖိုင်တွေကို




mobile device ပေါ်မှာ သိမ်းထားတာဟာ မဆန်းပေမယ့် Online Storage ပေါ်မှာ ရှိတဲ့ သီချင်းပဲ ဖြစ်ဖြစ်၊ ဗီဒီယိုကိုပဲ ဖြစ်ဖြစ် အချိန်မရွေး၊ နေရာမရွေး ကြည့်ရှုနား ထောင်ချင်တယ်ဆိုရင်တော့ Google Drive ကို အားကိုးရမှာပါပဲ။

အကြောင်းကတော့ Google ရဲ့ file compression နည်းပညာကြောင့် ဖြစ်ပြီး ၎င်းဟာ 350 MB ရှိတဲ့ .mov ဖိုင်တစ်ခုကို 7 MB လောက်ထိ Drive ပေါ်တွင် အလိုအလျောက်ချုံ့ကာ သိမ်းဆည်းထားနိုင်ပြီး Streaming လုပ်ကာ ပြန်လည်ခံစားချင်ပါကလည်း အလွန် လျှင်မြန်စေရန် ဖန်တီးထားကြောင်း သိရပါတယ်။

နောက်ဆုံး သတင်းများအရ ဆိုရင်တော့ Android app လို့ Google က ဆိုထားပေမယ့်လည်း Apple အတွက်ကိုလည်း ၎င်းတို့မှ စဉ်းစားပေးထားပြီး iOS အတွက် များမကြာမီကာလများမှာ app တစ်ခု ဖန်တီးပေးသွားမှာ ဖြစ်ကြောင်း သိရပါတယ်။

## နောက်ဆုံးပိတ် သတင်းများ

Google ကတော့ ဒီဝန်ဆောင်မှုဟာ ပြောင်းလဲမှုရဲ့ အစ ပထမသာ ဖြစ်ပြီး နောက်ပိုင်းမှာတော့ ၎င်းတို့ရဲ့ ဝန်ဆောင်မှု အားလုံးနဲ့ ချိတ်ဆက်ကာ အသုံးပြုသွားနိုင်ဖို့ စီစဉ်ထားကြောင့် ၎င်းတို့ရဲ့ Blog မှတဆင့် ကြော်ငြာထားပါတယ်။

အခုအချိန်မှာ နာမည်ကျော် နည်းပညာကုမ္ပဏီတွေဖြစ်တဲ့ Microsoft နဲ့ Apple တို့ကလည်း ၎င်းတို့ ကိုယ်ပိုင် Cloud ဝန်ဆောင်မှုများနဲ့ အသီးသီးရပ်တည်နေနိုင်ကြပြီး Google အနေနဲ့ကလည်း ဒီလိုမျိုး Cloud ကမ္ဘာကြီးကို ဝင်ရောက် တိုက်ခိုက်ဖို့ဆိုတာဟာ သူမတူတဲ့ နည်းပညာများနဲ့ ဝန်ဆောင်မှုများ ပေါင်းစပ်ထားမှသာလျှင် ဖြစ်နိုင်ပြီး ယခု Google Drive ဟာ မည်သို့ပင် ဆိုစေကာမူ လေးစားလောက်ဖွယ် အခြေအနေတစ်ရပ် ကိုတော့ ပိုင်ဆိုင်ထားကြောင်း ဖော်ပြလိုက်ရပါတယ်။

*Ref: Engadget*






ဆက်သွယ်ရန် - ကိုနေသူအောင်၊ ဖုန်း ၀၉-၅၁၀၂-၀၇၆
အမှတ် (၄၅)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ Email: wathery@ustore.asia Website: www.UStore.asia


Technoland
ချက်ချင်းဝယ်၊ ချက်ချင်းသုံးလို့ရတဲ့
အင်တာနက်လိုင်း ရောင်းပြီ . . .
ရန်ကုန်တိုင်းဒေသကြီး Network ရှိသောအတွင်း
မည်သည့်နေရာတွင်မဆို သုံးလို့ရပြီး
Technoland မှာ ကျပ်၆၃၀၀၀၀ နှင့် ရောင်းနေပြီ...
REDLINK COMMUNICATIONS
Buy
Any Laptop Desktop Tablet
+
RedLink CPE
ComsumerPlan
CooperatePlan
PrepaidPlan
Save 10 USD
Save 20 USD
Save 10 USD
SONY
Sony Tablet S1
> Dual Core Processor
> Android 3.1 ( Honey Comb
> 9.4" Screen
> 598 gm
> 16 GB, 32 GB ( Expands to 32 GB SD)
> 5 MP (Back), 0.3 MP (Front) Camera
> Bluetooth, Wifi 802.11 b/g/n
ASUS
Eee Pad Transformer Prime
> Tegra 3 Quad-Core
> Android 4.0 Ice Cream Sandwich
> 9.4" Screen
> Keyboard dock with USB/SD card reader ( Optional )
> 8.3mm Slim
> 32 GB EMMC Storage
> 8 MP Prime Camera with Flash
> Bluetooth, Wifi 802.11 b/g/n
SAMSUNG
SERIES SÉRIE 7
SLATE PC
lenovo
SAMSUNG
GALAXY Tab
nookcolor
The new iPad
acer
ICONIA TAB
SAMSUNG
GALAXY NOTE
SAMSUNG
GALAXY Tab
nook
kindle fire
1 162-170, 36th Street (mid), Kyauktada Tsp, Yangon.
2 Maha Bandoola Garden Street, Kyauktada Tsp, Yangon.
3 Anawrahta Road, Between Bar St. & 35th St., Kyauktada Tsp, Yangon. | Tel: 01 252 824
4 Inya Road, Kamayut Township. | Tel : 01-514 303
5 Mandalay
6 HEBER by Technoland
အမြဲ မြဲ အနည်းနည်းမှ လက်လီအရောင်းဆိုင်ကြီးများအား
လက်ကားဈေး ဖြင့် ရောင်းချပေးနေပြီ...